မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၃၉)

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို ပြည်သူတို့နှင့်အတူလက်တွဲ၍ ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆောင်းအေးဆဲ

၁၅-၂-၂၀၀၈

ဟားခါး	-၅	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၀	ဒီဂရီစင်တီဂရိတ်
အမ်း	၂	ဒီဂရီစင်တီဂရိတ်
လားရှိုး	၂	ဒီဂရီစင်တီဂရိတ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သတင်းနှင့် အက်ဆေးအညွှန်း

❒ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍစုံ၌ အိန္ဒိယနှင့် ရုရှားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည် စာ - ၄

❒ ရုတ်တရက် နှုတ်မဆက်ဘဲ ခွဲခွာခဲ့သူ နိုင်ငံတကာမှုခင်း စာ - ၅

❒ ဒိုမိနီကာ ဓနသဟာယနိုင်ငံ တိုး၏ သတင်းအက်ဆေး စာ - ၇

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၂)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ) ဦးကျော်လှိုင်နှင့် တာဝန်ရှိသူများက မူလလေယာဉ်ပြေးလမ်း အရွယ်အစား ပေ(၈၁၀၀X၂၀၀)နှင့် မူလလေယာဉ်သွားလမ်း အရွယ်အစား ပေ(၈၁၀၀ X ၁၀၀)၌ တိုးချဲ့လေယာဉ်ပြေးလမ်း အရွယ်အစား ပေ (၃၁၀၀X၂၀၀)နှင့် တိုးချဲ့လေယာဉ်သွားလမ်း အရွယ်အစား (Taxi Way) (၃၃၄၅ X ၁၀၀)ပေ တို့ကို တိုးချဲ့ဆောင်ရွက်နေမှုအပါအဝင် စီမံကိန်းဆိုင်ရာအချက်အလက်များ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❒

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

16-2 (01) 1 2/16/08, 1:24 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်)

မြန်မာ့ရေထွက်ပစ္စည်းများတင်ပို့မှု နိုင်ငံတကာ စံချိန်စံညွှန်းမီ ထုတ်လုပ်

မြန်မာနိုင်ငံသည် ပင်လယ်ကမ်းရိုးတန်း ရှည်လျားစွာတည်ရှိသည့်အလျောက် ရေနေသတ္တဝါများ ပေါကြွယ်ဝသည့်နိုင်ငံ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်မှ ငါးမျိုးစုံနှင့်ပုစွန်များ အလျှံပယ်ထွက်ရှိနေသည်။

ရေငန်ငါးဖမ်းလုပ်ငန်းကို တနင်္သာရီတိုင်းတွင် အများဆုံးလုပ်ကိုင်လျက်ရှိပြီး ရေချိုငါးမွေးမြူရေးလုပ်ငန်းကို ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် လုပ်ကိုင်ကြသည်။

ငါးမွေးမြူထုတ်လုပ်သူများက ဒေသအတွင်းမြစ်ချောင်းများ၌ ရေချိုငါးအမျိုးမျိုးနှင့် ရေချိုပုစွန်များကို စီးပွားဖြစ်မွေးမြူထုတ်လုပ်နေကြသည်။ အလားတူ ရေငန်ငါးမွေးမြူရေးအပိုင်းတွင်လည်း ကျောက်ငါး၊ ကျောက်ပုစွန်၊ ကဏန်းပျော့နှင့် ပုစွန်အမျိုးမျိုးကို မွေးမြူလျက်ရှိသည်။

ရေလုပ်ငန်းဆိုင်ရာ မွေးမြူထုတ်လုပ် ရောင်းချမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိရာ ပြည်တွင်း၌ ငါးစားသုံးမှုဖူလုံပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချလျက် ရှိသည်။

မြန်မာ့ပင်လယ်ပြင် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းကွက်များနှင့် မြစ်ချောင်း၊ အင်းအိုင်များမှလည်း ရေငန်ငါး၊ ပုစွန်များ ဖမ်းယူရရှိနိုင်မည့် အခြေအနေကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့ရောင်းချနေသည့် ရေထွက်ပစ္စည်းများအနက် ငါး၊ ပုစွန်၊ ကဏန်းတင်ပို့မှု တိုးတက်လျက်ရှိကြောင်း သိရသည်။ ယခုအခါ ကဏန်းပျော့ကို စမ်းသပ်မွေးမြူပြီး အောင်မြင်လျက်ရှိသည့်အတွက် တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်တို့၌ တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ အခွံပျော့ကဏန်းများကို အေးခဲအောင်ပြုလုပ်ပြီး ပလတ်စတစ်အုပ်ကာ စက္ကူဘူးများဖြင့် ပုံမှန်ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးတို့မှတစ်ဆင့် တရုတ်၊ စင်ကာပူ၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့လျက်ရှိသည်။ ကဏန်းပျော့တင်ပို့မှုသည် နယ်စပ်များ၌ ကဏန်းအရှင်တင်ပို့မှုထက် အလားအလာကောင်းသဖြင့် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလျက်ရှိသည်။

မြန်မာနိုင်ငံမှ ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေထွက်ပစ္စည်းများကို နိုင်ငံတကာ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် အညီ ထုတ်လုပ်ခြင်း၊ တိုးချဲ့မွေးမြူခြင်းဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံစေပြီး ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ဇရပ်ကွက် ရွာမလမ်း အမှတ် ၁၀၂နေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးနေလင်းအောင်-ဒေါ်ဝါဝါလွင်က သား မောင်အောင်မင်းမြတ်၏ (၅)နှစ်မြောက် မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းငါးသောင်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးဟံညွန့်တို့က လက်ခံယူသည်။ (အောက်ပုံ)

အလှူရှင်များအနေဖြင့် စေတီတော် ဂေါပကရုံး ဖုန်း-၆၆၀၀၀၆သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၆-၂-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၅။	မိုးချစ်တပ်မတော်
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၇။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ** (အပိုင်း-၂၀)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	လူရွှင်တော်ရွှေဖလား
	၁၈။	English Usage
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၃၄)
	၂၁။	**FA Cup ဘောလုံးပွဲ Manchester United & Arsenal (LIVE)**

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှားသံအမတ်ကြီးနှင့် Nobel Oil ကုမ္ပဏီဥက္ကဋ္ဌ တွေ့ဆုံ စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Mikhail M.Mgeladzeနှင့် Nobel Oil Company ဥက္ကဋ္ဌ Mr.Grigory Gurevich တို့သည် ဖေဖော်ဝါရီ ၁၁ရက် နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့လာရောက်တွေ့ဆုံကြပြီး(**အောက်ပုံ**) စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မိုးကုတ်သံဝေဇနိယ နေ့တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် သွေးဆေးကန်အနီး မူလကမ္ဘာအေးလေးကျောင်းတိုက်(မိုးကုတ်သံဝေဇနိယ ဓမ္မပူဇာအဖွဲ့)တွင် တပို့တွဲလပြည့်ကျော် ၉ရက်မှ၁၃ရက်အထိ (၁၈)ကြိမ်မြောက် မိုးကုတ်သံဝေဇနိယ (နေ့) တရားစခန်းကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ကျောင်းထိုင်ဆရာတော် ဦးဝိမလနှင့် ဆရာမ ဒေါ်အေးခိုင် (ဆုထူးပန်အဘိဓမ္မာ)တို့က တရားတော်အနှစ်ချုပ် စာစောင်များဖြန့်ဝေ၍ ကြိုတင်ပေါင်းကူးဆွေးနွေးပေးမည်ဖြစ်သည်။ ယောဂီများသည် ဆရာတော် ဦးဝိမလနှင့်အရှင်သုစိတ္တ ဖုန်း-၃၈၂၂၈၆၊ ဖုန်း-၅၅၅၁၂၇နှင့် ၇၀၉၈၃၂တို့သို့ ဆက်သွယ်နိုင်သည်။

(က-ပ)

မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၆၉-၁၉၇၅)ခုနှစ် မြို့ပြ (အင်ဂျင်နီယာ) ဘွဲ့ရ ကျောင်းသားကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ်၂ရက်(တောင်သူလယ်သမားနေ့)တွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ပစ္စည်းနှင့် အလှူငွေများကို ဦးသန်း ဖုန်း-၀၁-၅၂၄၆၂၉၊ ဦးခင်လတ် ဖုန်း-၀၁-၇၂၃၄၅၃၊ဦးအောင်ဝင်း(ဆည်မြောင်း) ဖုန်း-၀၆၇-၄၁၃၁၀၇၊ ဦးကျော်ဝင်း (ဆောက်လုပ်ရေး)ဖုန်း-၀၁-၂၄၀၁၀၉ နှင့် ဒေါ်ငွေငွေဝင်း(ဆည်မြောင်း) ဖုန်း-၀၉-၅၃-၁၀၈၂၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ရက်(တနင်္လာနေ့) ညနေ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

မောင်ပြည့်ဖြိုး ကျော်အား ရည်စူး၍ အမှတ်၁၂ သုခမိန်လမ်း ရှင်စောပုရပ်ကွက် စမ်းချောင်းမြို့နယ်နေ ဦးအေးကျော်-ဒေါ်သန်းသန်းငွေ၊ သမီး မဇွန်ပွင့်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘဉာဏ် လက်ခံယူစဉ်။ (က-ပ)

ရှု့ဖုံးမှ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ အဆင့်အတန်းနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းမီ တည်ဆောက်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တိုးချဲ့လေယာဉ်ပြေးလမ်း၌ ငါးလက်မထု ကတ္တရာကွန်ကရစ်ခင်းကျင်းပြီးစီးမှု၊ တိုးချဲ့လေယာဉ်သွားလမ်း၌ ၁၂ လက်မအထူ ကွန်ကရစ်ခင်းကျင်းနေမှု၊ သတ်မှတ်အမြင့်အထိ မြေသားတာပေါင်ဆောင်ရွက်ပြီးစီးမှု အပါအဝင် စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း စီမံကိန်းပြီးစီးပါက စုစုပေါင်းလေယာဉ်ပြေးလမ်းအရွယ်အစား ပေ ၁၁၂၀၀ x ၂၀၀ နှင့် လေယာဉ်သွားလမ်းအရွယ်အစား ပေ ၁၁၂၀၀ x ၁၀၀ ရှိမည်ဖြစ်ပြီး လေယာဉ်စီးခရီးသည်များ၏ ပြည်တွင်းပြည်ပခရီးသွားလာမှု ပိုမိုလျင်မြန်သွက်လက်လာရုံမက ပြည်တွင်းပြည်ပ ကုန်စည်စီးဆင်းမှုများလည်း ပိုမိုသွက်လက် မြန်ဆန်လာနိုင်မည်ဖြစ်သည်။

ယခု လုပ်ငန်းပြီးစီးမှုအဖြစ် တိုးချဲ့လေယာဉ်သွားလမ်း မြေသားတာပေါင်တည်ဆောက်ခြင်းလုပ်ငန်း ၈၄ရာခိုင်နှုန်း၊ တိုးချဲ့လေယာဉ်သွားလမ်းနှင့် လေယာဉ်အမြန်ဝင်ထွက်လမ်းတို့၌ ၁၂ လက်မထု ကွန်ကရစ်အောက်ခံလွှာ ခင်းခြင်းလုပ်ငန်း လေးရာခိုင်နှုန်း၊ တိုးချဲ့လေယာဉ်သွားလမ်းအောက်ရှိ ကွန်ကရစ်ရေမြောင်းများ ဆောက်လုပ်ခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်းနှင့် တိုးချဲ့ လေယာဉ်ပြေးလမ်းနှင့် လေယာဉ်သွားလမ်းကြားရှိ ကွန်ကရစ်ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း ၁၂ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အနှစ်သာရအစစ်အမှန်

အကာဖြစ်သော ကာမဂုဏ်ကိလေသာ မကောင်းမှုဒုစရိုက်တရားတို့ကို တွယ်ကပ်မနေဘဲ အနှစ်အစစ်အမှန်ဖြစ်သော ကောင်းမှုကုသိုလ်တရားတို့ကို ပွားများနိုင်မှသာလျှင် သီလဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ကောင်းသောသူခ အနှစ်သာရအစစ်အမှန် ရပေလိမ့်မည်။

(ဓမ္မပဒ ၁၂)

ဖေဖော်ဝါရီ ၁၅ရက်က ဆားဗီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အထိမ်းအမှတ် ညစ်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆားဗီးယားသမ္မတနိုင်ငံ သံရုံးတာဝန်ခံ Mr. Dragan Janekovic နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၆–၂–၂၀၀၈ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ အကျိုးတော် ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ တေးဂီတအစီအစဉ်
- ၈:၁၅ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ ကချင်ပြည်နယ် မိုးကောင်းတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၁:၄၅ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **စစ်သူကြီးဆွန်ကြီး** (အပိုင်း–၉)
- ၁၂:၅၀ ၆။ **ရသစုံလင် ပြီးပျော်ရွှင် မြန်မာ့ရုပ်မြင်အစီအစဉ်** ခန့်စည်သူ၊ ချောရတနာ၊ ရတနာ၊ ဖြိုးဖြိုးခိုင်၊ လုလု၊ ကျော်ထူး၊ ဟန်နီထွန်း၊ မင်းခ၊ ဇေယျာ၊ ရှက်တယ်၊ နေယံ
- ၁၄:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၄၀ ၈။ ဂမုန်းရေလှောင်တမံ
- ၁၄:၄၅ ၉။ International News

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒ အထူးပြု)၊ (သတ္တဗေဒ)
- ၁၆:၄၀ ၄။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(မြန်မာစာဘာသာရပ်)
- ၁၇:၁၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၁၇:၁၅ ၆။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
- ၁၇:၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
- ၁၉:၀၀ ၁၁။ တေးဂီတအစီအစဉ်
- ၁၉:၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း–၁၃)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်းအကျဉ်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း–၁)

မြန်မာ့ရိုးရာထမနဲပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းက ကြီးမှူးကျင်းပမည့် (၁၂)ကြိမ်မြောက် မြန်မာ့ရိုးရာ မြို့မဟောင်း ထမနဲပွဲကို (၁၃၆၉ ခု တပို့တွဲလဆန်း ၁၄ ရက်) ဖေဖော်ဝါရီ ၂၀ ရက်တွင် အမှတ် ၆၈ စကားဝါလမ်း မြို့မကျောင်း၏အနောက်ဘက်ရှိ မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်း မြတ်မွန်ရတနာခန်းမတွင် ညနေ ၃နာရီမှ စတင်ကျင်းပမည်ဖြစ်သည်။ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့မကျောင်းသား ကျောင်းသူဟောင်းများနှင့် မြို့မ၏ မျိုးဆက်သစ်များဖြစ်သော အထက(၂) ဒဂုံနှင့် အထက(၃)ဒဂုံ တို့မှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ပြီး အဆိုပါ မြန်မာ့ရိုးရာ ထမနဲပွဲတွင် ပျော်ပွဲရွှင်ပွဲနှင့် အထူးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း–၂၅၀၁၅၃သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(က–ပ)

မြို့ပြကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၁၉၈၇ ခုနှစ်နှင့် ၁၉၉၁ ခုနှစ် စက်မှုတက္ကသိုလ် မြို့ပြကျောင်းဆင်း ကျောင်းသားဟောင်းများ၏ ပြန်လည်တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကို လှည်းတန်းမီးပွိုင့်အနီးရှိ တက္ကသိုလ်များဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁၆ ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဆရာများအတွက် အလှူငွေနှင့်အလှူပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် ကိုသန်းဝင်း ဖုန်း–၀၉–၅၀၁၇၄၂၅၊ ကိုကိုထွေး ဖုန်း–၀၉–၉၈၂၅၆၄၉၊ ကိုကိုအေး ဖုန်း–၀၉–၅၁၁၉၀၇၀၊ ဒေါက်တာ ဉာဏ်မြင့်ကျော် ဖုန်း– ၀၉–၅၀၃၃၅၅၈၊ မမော်မော်ကြည် ဖုန်း–၀၉–၈၀၂၀၉၇၈၊ ကိုတိုးတိုးဝင်း ဖုန်း–၀၉–၅၀၁၄၄၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

သန်လျင် ထန်းနှစ်ပင် အမက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

သန်လျင်မြို့ မြို့မတောင်ရပ်ကွက် ထန်းနှစ်ပင် အခြေခံပညာမူလတန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၄ရက်(တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ယင်းကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများကို အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်း(ခ)ဦးဘာဘူ ဖုန်း–၀၅၆–၂၂၀၄၃၊ ၀၉–၅၀–၁၄၈၀၆၊ ဒေါ်ဝင်းသန္တာဦး (အတွင်းရေးမှူး)ဖုန်း–၀၉–၅၀–၀၉၃၁၀၊ ဦးမောင်မောင်ဆွေ (ဘဏ္ဍာရေးမှူး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဆရာကြီး ဦးသန်းရွှေ (ဒလ–အုံကြီး)၏ သမထဝိပဿနာ တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဒလ–အုံကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးသန်းရွှေ (ဒလ–အုံကြီး)က ဒေါပုံမြို့နယ် ဝါဆိုမှတ်တိုင်အနီး ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီးတွင် ဖေဖော်ဝါရီ ၁၆ရက်မှ ၂၂ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိလည်းကောင်း၊ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာဓုကာရီဓမ္မာရုံကြီးတွင် ၂၃ရက်မှ၂၉ရက်အထိ ညနေ၆နာရီခွဲမှ ၈နာရီအထိလည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင် မတ်၁ရက်မှ ၇ရက်အထိ၊ နေ့ခင်းအထူးစခန်းကို နံနက် ၇နာရီမှ ည၇နာရီခွဲအထိလည်းကောင်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်း အောင်တော်မူလမ်းနှင့် ကျောင်းလမ်းထောင့်ရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာ ကျောင်းတိုက်တွင် မတ်၈ရက်မှ ၁၄ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲအထိ ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဓမ္မဗျူဟာ နွေရာသီရက်တိုသင်တန်း ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဗဟန်းမြို့နယ် အမှတ် ၆ ကြားတောရလမ်းရှိ ဓမ္မဗျူဟာသာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၏ နွေရာသီ ရက်တိုသင်တန်းအဖြစ် ဘဝနေနည်းနှင့် သေနည်းဆိုင်ရာအသုံးချ (အဘိဓမ္မာ)ကျင့်စဉ်သင်တန်းကိုဖေဖော်ဝါရီ ၁၆ရက်မှ မတ် ၂၃ရက်အထိ (စနေ၊ တနင်္ဂနွေနေ့တိုင်း) စုစုပေါင်း ၁၂ရက် မွန်းလွဲ၁၂နာရီခွဲမှ ညနေ၅နာရီအထိ ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)က ဓမ္မဒါနအဖြစ် ပို့ချမည်ဖြစ်ရာ စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်သည်။ အသေးစိတ် အချိန်စာရင်းကို ဖုန်း–၃၈၀၈၈၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အမေရိကန်တက္ကသိုလ်တစ်ခု၌ ပစ်ခတ်မှုဖြစ်ပွား ခြောက်ဦးသေဆုံး၊ ၁၅ ဦး ဒဏ်ရာရရှိ

အမေရိကန်နိုင်ငံ ချီကာဂိုမြို့အနီး အီလီနွိုက်တက္ကသိုလ်၌ ဖေဖော်ဝါရီ ၁၅ရက် နံနက် ၁၁ နာရီခန့်က သေနတ်သမားတစ်ဦး ပစ်ခတ်မှုကြောင့် ကျောင်းသားခြောက်ဦးသေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိသွားကြောင်း ချီကာဂိုရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

သေနတ်ဖြင့်ပစ်ခတ်သူမှာ အဆိုပါ တက္ကသိုလ်မှ ကျောင်းသားဟောင်းတစ်ဦးဖြစ်ပြီး သေနတ်နှစ်လက်ကိုင်ဆောင်ကာ စာသင်ခန်းအတွင်း ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

သမ္မတဟောင်းကလင်တန်အား သမ္မတဖြစ်လာရန် စည်းရုံးပေးခဲ့သူ အိုဘားမား သမ္မတဖြစ်လာနိုင်ကြောင်း ထောက်ခံ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၅

အမေရိကန်သမ္မတဟောင်း ကလင်တန်ကို ၁၉၉၂ခုနှစ်က သမ္မတဖြစ်လာစေရန် လှုံ့ဆော်စည်းရုံးပေးခဲ့သူ အမျိုးသားတစ်ဦးက ဒီမိုကရက်တစ်ပါတီမှ အိုဘားမားအား အမေရိကန်သမ္မတဖြစ်လာစေရန် ထောက်ခံပြောကြားလိုက်သည်။ ဒီမိုကရက်တစ် အမျိုးသားကော်မတီဥက္ကဋ္ဌဟောင်း ဒေးဗစ်ဝီလ်ဟိမ်က အိုဘားမားသည် လာမည့်အမေရိကန်သမ္မတဖြစ်လာနိုင်ကြောင်း၊ ၁၉၉၂ခုနှစ်က ဘီလ်ကလင်တန်ကဲ့သို့ သမ္မတဖြစ်လာနိုင်ကြောင်း ထောက်ခံပြောကြားသည်။

ထောက်ခံအားပေး

ဝီလ်ဟိမ်သည် ဒီမိုကရက်တစ် အသိုင်းအဝိုင်းတွင် လူသိများသူဖြစ်သည်။ ၎င်း၏ ထောက်ခံအားပေးမှုသည် အိုဘားမားအတွက် များစွာအထောက်အကူပြုနိုင်သည်ဟု ဆိုသည်။

အနိုင်ရရှိထား

အိုဘားမားသည် လွန်ခဲ့သောသီတင်းပတ်ကုန်အထိ အကြိုရွေးကောက်ပွဲများ ယှဉ်ပြိုင်ရာတွင် ရှစ်ပွဲဆက်တိုက် အနိုင်ရရှိထားသူဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ တမီလ်နာဒူပြည်နယ်တွင် တောင်ကိုရီးယား ဟွန်ဒိုင်းကုမ္ပဏီက တည်ထောင်ထားပြီး ဟွန်ဒိုင်းမော်တော်ကားစက်ရုံမှ ထုတ်လုပ်သောကားများကို ဖေဖော်ဝါရီ ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်)

ဘဂ္ဂဒက်၌လက်နက်ငယ်များပစ်ခတ် နှစ်ဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ပိုင်း၌ ဖေဖော်ဝါရီ ၁၂ရက်က လက်နက်ငယ်များဖြင့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူ နှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပျက်စီး

ယင်းနေ့ မွန်းမတည့်မီ အချိန်တွင် ဒူရာဒေသအနီးဝန်းကျင်၌ လက်နက်ငယ်များဖြင့် ပစ်ခတ်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အိမ်ရာများစွာ ပျက်စီးခဲ့ရပြီး အရပ်သားအချို့ သေဆုံးခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ဆင်ဟွာသို့ သတင်းပေးပို့သည်။

အကြမ်းဖက်

ဘဂ္ဂဒက်မြို့၌ အီရတ်ရဲတပ်ဖွဲ့နှင့်အမေရိကန် ကင်းလှည့်တပ်ဖွဲ့တို့အား ပစ်မှတ်ထား၍ အကြမ်းဖက်မှုကြောင့် ယင်းနေ့အစောပိုင်းတွင်လမ်းဘေးဗုံး သုံးလုံးပေါက်ကွဲရာ အီရတ်တပ်ဖွဲ့ဝင်တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ်မှ ရော်ဘာတင်ပို့ရောင်းချမှု ယခုနှစ်တွင် ဈေးကောင်းရရှိမည်ဟု မျှော်မှန်း

ဟန်နွိုင်း ဖေဖော်ဝါရီ ၁၅

ဗီယက်နမ် သဘာဝရော်ဘာတင်ပို့မှုသည် ကမ္ဘာ့ရော်ဘာထုတ်ကုန် လိုအပ်ချက် မြင့်မားလာမှုနှင့် နိုင်ငံအချို့မှ ပြည့်ပြည့်ဝဝ ထုတ်လုပ်မပေးနိုင်မှုတို့ကြောင့် ပြီးခဲ့သည့်နှစ်က ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၉၄၇ ဒေါ်လာရရာမှ ယခုနှစ်တွင် တစ်တန်လျှင်ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ၂၂၅၀ ရရှိနိုင်ကြောင်း ဗီယက်နမ်ရော်ဘာထုတ်လုပ်မှုနှင့် တင်ပို့သူများက ပြောကြားသည်။

ရောင်းချ

ဗီယက်နမ်နိုင်ငံသည် ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၁၁၄ဒေါ်လာဖြင့်တင်ပို့ရောင်းချခဲ့ရာ ပြီးခဲ့သည့်လအထိ တန်ချိန် ၇၀၀၀၀ တင်ပို့နိုင်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၁၄၈သန်းရရှိခဲ့ကြောင်း၊ အဓိကတင်ပို့ရောင်းချသည်။

ပြောကြား

နိုင်ငံများမှာ တရုတ်၊ တောင်ကိုရီးယား၊ ရုရှား၊ အမေရိကန်၊ ဂျပန်နှင့် ဂျာမနီနိုင်ငံတို့ဖြစ်ကြောင်း နိုင်ငံပိုင် ရော်ဘာတင်ပို့ရောင်းချရေးအဖွဲ့က ပြောကြားသည်။

တင်ပို့

ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် သဘာဝရော်ဘာ တန်ချိန် ၇၈၀၀၀၀ တင်ပို့ရန် ခန့်မှန်းထားကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံဖိုးရှိကြောင်း၊ နိုင်ငံနှင့်ဒေသ၄၀သို့ တင်ပို့မည်ဖြစ်ကြောင်း အဆိုပါ အဖွဲ့က ပြောကြားသည်။

စိုက်ပျိုး

ဗီယက်နမ်နိုင်ငံ၌ ရော်ဘာစိုက်ဟက်တာ ၄၉၅၀၀၀ရှိပြီး ၂၀၁၀ပြည့်နှစ်တွင် ဟက်တာ ၇၀၀၀၀၀အထိ တိုးချဲ့စိုက်ပျိုးသွားမည်ဟု ဆိုသည်။ ဗီယက်နမ်နိုင်ငံက လာအိုနှင့်ကမ္ဘောဒီးယားနိုင်ငံတို့၌လည်း ရော်ဘာများ ဟက်တာ ရာထောင်ချီ၍ စိုက်ပျိုးထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန် ဒုံးပျံကာကွယ်ရေးစနစ် ဖြန့်ကြက်ပါက ရုရှားက ပစ်မှတ်ထားမည်ဖြစ်ကြောင်း ပြောကြား

မော်စကို ဖေဖော်ဝါရီ ၁၅

အမေရိကန်နိုင်ငံ၏ ဒုံးခွင်းဒုံး အစီအစဉ်အတိုင်း ဒုံးပျံကာကွယ်ရေးစနစ်များ ဖြန့်ကြက်ချထားလျှင် ရုရှားနိုင်ငံအနေဖြင့် ပစ်မှတ်ထားလာနိုင်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ခြိမ်းခြောက်ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံက ပိုလန်၌ ဒုံးခွင်းဒုံးများ ချထားခြင်း၊ ချက်နိုင်ငံ၌ ရေဒါစခန်း တည်ဆောက်ချထားခြင်းမှာ ရုရှားနိုင်ငံ၏ လုံခြုံရေးကို ထိခိုက်နိုင်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

အမေရိကန်နိုင်ငံက ထိုသို့ ဒုံးပျံကာကွယ်ရေးစနစ်ဖြန့်ကြက်ချထားရန် စီစဉ်ခြင်းမှာ မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံတို့မှ ပစ်ခတ်လာမည့် ဒုံးပျံများကို ပစ်ချသွားရန် ဖြစ်ကြောင်း ပြောကြားသည်။

သမ္မတပူတင်က ကရင်မလင်၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ရုရှားနိုင်ငံအနေဖြင့် ယင်းဒုံးပျံကာကွယ်ရေးစနစ်ကိုဆန့်ကျင်ကြောင်း ထပ်လောင်း ပြောကြားလိုက်သည်။

(အင်တာနက်)

ဘဝအမောပြေ

ဒီအတိုင်းပဲ ကောင်းပါတယ်. . . .

ခွဲစိတ်ကုသမှုခံယူပြီးစ လူနာထံ ခွဲစိတ်ဆရာဝန် ရောက်ရှိလာပြီး လူနာအား အရေးတကြီး စကားပြောလေသည်။

ဆရာဝန် ။ ။ ခင်ဗျားကို ပြန်ခွဲစိတ်ရလိမ့်မယ်။

လူနာ ။ ။ ဘာဖြစ်လို့လဲ ဒေါက်တာ။

ဆရာဝန် ။ ။ ပထမခွဲတုန်းက ခင်ဗျားဗိုက်ထဲ ကတ်ကြေးတစ်လက် ကျန်ခဲ့လို့ဗျ။

လူနာ ။ ။ ဟုတ်လား····။ ဒါပေမယ့် မခွဲစိတ်ပါနဲ့ ဒီအတိုင်းပဲ ထားလိုက်ပါတော့။

ဆရာဝန် ။ ။ ဘာဖြစ်လို့လဲ။

လူနာ ။ ။ ဒီတစ်ခါခွဲစိတ်ရင်လဲ ဗိုက်ထဲနောက်တစ်မျိုး ထပ်ကျန်ခဲ့မှာ စိုးရိမ်လို့ပါ။

အရှေ့တီမောရှိ သူပုန်များအား ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ လိုက်လံ ချေမှုန်း

ဒီလီ ဖေဖော်ဝါရီ ၁၅

အရှေ့တီမောသမ္မတနှင့် ဝန်ကြီးချုပ်တို့ တိုက်ခိုက်ခံရပြီးနောက် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်များက သူပုန်များအား လိုက်လံချေမှုန်းတိုက်ခိုက်လျက်ရှိသည်။**(အောက်ပုံ)**

တပ်ဖွဲ့ဝင်များသည် ရဟတ်ယာဉ်များ၊ သံချပ်ကာယာဉ်များနောက်မှ လိုက်ပါလျက် မြို့တော်ဒီလီ၏ အပြင်ဘက်တောတောင်များအတွင်းဝင်ရောက်လာသော သူပုန်များအား ချေမှုန်းတိုက်ခိုက်ခဲ့သည်။

သမ္မတ ဟိုဆေးရာမိုစ်ဟော်တာသည် သေနတ်ဖြင့် သုံးချက်အပစ်ခံရသည်။ ဝန်ကြီးချုပ် ဂူစမာယိုသည် သီးခြားစီ ဖြစ်ပွားသော တိုက်ခိုက်ခံရမှုမှ ဘေးမသီရန်မခဘဲ လွတ်မြောက်သွားသည်။

သမ္မတ ရာမိုစ်ဟော်တာသည် သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ ယခုအခါ ဒါဝင်ဆေးရုံ၌ ပုံမှန်အခြေအနေသို့ ရောက်ရှိပြီးကုသမှုခံယူလျက်ရှိသည်။ **(အင်တာနက်)**

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍစုံ၌ အိန္ဒိယနှင့် ရုရှားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည်

နယူးဒေလီ ဖေဖော်ဝါရီ ၁၅

အိန္ဒိယနှင့် ရုရှားနှစ်နိုင်ငံတို့သည် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု အပြန်အလှန် အကျိုးတူဆောင်ရွက်ရေးကို အထူးကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်ထားရှိကြောင်း ဖေဖော်ဝါရီ ၁၃ရက်က အိန္ဒိယနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးက ပြောကြားသည်။

အဆိုပါကဏ္ဍတွင် နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံမှ ဝန်ကြီးချုပ် ဗစ်တာဇုတ်ဘ်ကို့ဗ်နှင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့ နယူးဒေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် လက်ရှိတွင် အမေရိကန် ဒေါ်လာ ငါးဘီလီယံ ကုန်သွယ်မှုပြုလုပ်လျက်ရှိရာ ၂၀၁၀ ပြည့်နှစ်တွင်အမေရိကန်ဒေါ်လာဘီလီယံ ၁၀သို့ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောတူညီခဲ့သည်။

ပါဝင်

အခြားသော နယ်ပယ်ကဏ္ဍစုံအနေဖြင့် ရိုးရာယဉ်ကျေးမှု၊ စွမ်းအင်ဆိုင်ရာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ဆေးဝါးလုပ်ငန်း၊ သံမဏိ၊ သတ္တုတူးဖော်ရေး၊ ကျန်းမာရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်းများ ပါဝင်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းတောင်ပိုင်း၌ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွား နှစ်ဦးသေ၊တစ်ဦးဒဏ်ရာရ

ဗန်ကောက် ဖေဖော်ဝါရီ ၁၅

ထိုင်းနိုင်ငံ တောင်ပိုင်း နာရာသီဝပ်ပြည်နယ်တွင် ဖေဖော်ဝါရီ ၁၄ ရက်ကလက်နက်ကိုင်များပစ်ခတ်တိုက်ခိုက်မှုကြောင့် နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ နာရာသီဝပ်ပြည်နယ် ရူဆို့ရှိ တာလက်ရူဆို ကျေးရွာ၌ သေနတ်သမားနှစ်ဦးက ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာသားနှစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်းနာရာသီဝပ် ပတ္တနီနှင့် ယာလာပြည်နယ်များ၌ ပစ်ခတ်တိုက်ခိုက်မှုများနေ့စဉ်ဖြစ်ပွားလျက်ရှိသဖြင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

ရေအောက်မောင်းကား

ဆွစ်ဇာလန်နိုင်ငံ ရင်းစပိဒ် မော်တော်ကားကုမ္ပဏီမှ တီထွင်ထုတ်လုပ်လိုက်သည့် ရေအောက်၌ မောင်းနှင်နိုင်သော မော်တော်ကားသစ်ကို ဂျီနီဗာမြို့ အဏ္ဏဝါပြတိုက်တစ်ခု၌ ဖေဖော်ဝါရီ ၁၄ရက်က လက်တွေ့မောင်းနှင် ပြသနေသည့် မြင်ကွင်း။

(အင်တာနက်ဓာတ်ပုံ)

လေဟုန်စီး

ကနေဒါနိုင်ငံ အနောက်တောင်ပိုင်း အယ်ဘာတာပြည်နယ် ကယ်ဂါရီမြို့၌ အမြင့်မီတာ ၉၀ ရှိသော အဆောက်အအုံတစ်ခုထိပ်မှ အိဒ်ဝပ်ဒ်စ်အမည်ရှိ အမျိုးသားတစ်ဦး၏ လေဟုန်စီး ခုန်ချမှုကို ဖေဖော်ဝါရီ ၁၄ ရက်က ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်အထွေထွေရွေးကောက်ပွဲ

မဲကလိမ်မကျရန် ပီပီပီပါတီခေါင်းဆောင်သတိပေး

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၅

ဖေဖော်ဝါရီ ၁၈ ရက်၌ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲကလိမ်ကျပါက ကန့်ကွက်ဆန္ဒပြကြရန် ပါကစ္စတန် ပီပီပီပါတီထောက်ခံသူများအား ကွယ်လွန်သူ ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာ ဘူတို၏ခင်ပွန်း ပီပီပီပါတီခေါင်းဆောင် အလီဇာဒါရီက နှိုးဆော်လိုက်သည်။

ပြောကြား

ပါကစ္စတန်နိုင်ငံ၌ နိုင်ငံရေးအရ အချက်အချာကျသည့် ပန်ချပ်ပြည်နယ်၌ ထောင်ပေါင်းများစွာသော ထောက်ခံသူ လူထုပရိသတ်အား အလီဇာဒါရီက "မိမိသည် ပါကစ္စတန်နိုင်ငံကို ကယ်တင်ရန် ပန်ချပ်သို့လာခဲ့ခြင်းဖြစ်ကြောင်း" ကျည်ကာမှန် စကားပြောခန်းအတွင်းမှ ပြောကြားလိုက်သည်။

စောင့်ကြည့်မည်

ရွေးကောက်ပွဲ၌ မဲခိုးရန်ကြိုးပမ်းမှုများကို ပါတီက ခေါင်းငုံ့ခံနေမည်မဟုတ်ကြောင်း၊ ပါတီမှ မဲရုံစောင့်များရှေ့တွင် မဲရေတွက်ပြီးစီးသည်အထိ မိမိတို့ပါတီဝင်များက စောင့်ကြည့်မည်ဖြစ်ကြောင်း အလီဇာဒါရီက ပြောဆိုသည်။

စွပ်စွဲ

အခြား အတိုက်အခံခေါင်းဆောင် နာဝပ်ရှရစ်ဖ်က အလားတူမဲဆွယ်စည်းရုံးရာတွင် သမ္မတမူရှာရက်ဖ်မှာ မဲဝယ်ရန်ကြိုးပမ်းနေသည်ဟု စွပ်စွဲလိုက်သည်။

ပြောကြား

သမ္မတမူရှာရက်ဖ်က ရွေးကောက်ပွဲမှာ လွတ်လပ်ပြီး တရားမျှတမှုရှိစေရမည်ဟု အခိုင်အမာပြောကြားထားသည်။

(အင်တာနက်)

ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ လေးဦးသေဆုံး၊ ၃၀ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ဆာဒါစီးတီးအရပ်၌ ဖေဖော်ဝါရီ ၁၄ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း ဘဂ္ဂဒက်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ ဆာဒါစီးတီးအရပ်ရှိ လူစည်ကားရာ ဈေးအနီး ဗုံးများတင်ဆောင်ထားသော မီနီဘတ်စ်ကားတစ်စီးကို အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ရုတ်တရက် နှုတ်မဆက်ဘဲ ခွဲခွာခဲ့သူ

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

နယူးယောက်မြို့သည် အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ နယူးယောက်ပြည်နယ်၏ မြို့တော်ဖြစ်ပြီး ယင်းပြည်နယ်၏ အရှေ့တောင်ပိုင်းတွင် တည်ရှိသည်။ လူဦးရေ ၁၈သန်းကျော်နေထိုင်ပြီး စည်ကားလှသော မြို့ကြီးတစ်မြို့ ဖြစ်သည်။ နယူးယောက်မြို့တွင် ဘရွန့်စ်၊ ဘရွတ်ကလင်း၊ မန်ဟက်တန်၊ ကွီးစ်၊ စတာတင်အိုင်းလန်းဟူ၍ ဒေသကြီး ငါးခုပါဝင်သည်။

သာယာချမ်းမြေ့

နယူးယောက်မြို့တွင် ဝေါလ်တာ အဒမ်နှင့် ကက်သရင်းဖော်ဂီတို့ ဇနီးမောင်နှံသည် မန်ဟက်တန်အရပ်တွင် နေထိုင်ကြသည်။ ယခုအခါ ဝေါလ်တာ အဒမ်သည် အသက်၆၀ အရွယ် ရှိနေပြီး ကက်သရင်းဖော်ဂီကမူ ၅၄နှစ် အရွယ်ရှိနေပေပြီ။ လွန်ခဲ့သော နှစ် ၃၀ က ဝေါလ်တာ အဒမ်နှင့် ကက်သရင်းဖော်ဂီတို့ လက်ထပ်ခဲ့ကြသည်။ အခြေအရုံ နည်းပါးသောကြောင့် သူတို့တွင် သားသမီး မထွန်းကားခဲ့ပေ။ ဝေါလ်တာနှင့် ကက်သရင်းတို့ လက်ထပ်ကြချိန်တွင် ဝေါလ်တာက ကုန်သည်တစ်ဦးဖြစ်ပြီး ကက်သရင်းက ဘရွန့်စ်ဒေသ ယာရှီကာ တက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရရှိပြီး စိတ်ရောဂါအထူးကုဆရာဝန်အဖြစ် သုံးနှစ်မျှ တာဝန်ထမ်းဆောင်ပြီးချိန်ဖြစ်သည်။ သူတို့ ဇနီးမောင်နှံနှစ်ဦးသည် သား သမီး မရှိသဖြင့် မိမိဝါသနာပါရာ လုပ်ငန်းတွင်ပင် နစ်မြုပ်ရင်း ဘဝကို သာယာချမ်းမြေ့အေးဆေးစွာ ဖြတ်သန်းနေကြသည်။

လူသတ်တရားခံဟု ယူဆရသူ၏ပုံတူ။

ကြေကွဲဖွယ်ရာ

သူတို့ဇနီးမောင်နှံသည် အိမ်ထောင်သက်တမ်း ၃၀ နီးပါးမျှ အထိ သာယာချမ်းမြေ့စွာ ဖြတ်သန်းခဲ့သည်။ သူတို့ နှစ်ဦးသည် တစ်ဦးအပေါ် တစ်ဦး စာနာ နားလည်မှုရှိပြီး ချစ်ခင်သော ဇနီးမောင်နှံ ဖြစ်၍လည်း ပြဿနာကြီးကြီးမားမား မပေါ်ပေါက်ခဲ့ချေ။ သူ၏ ဇနီး ဒေါက်တာကက်သရင်းသည် စိတ်သဘောထား ပြည့်ဝပြီး လိုက်လျော ညီထွေစွာ နေတတ်သူဖြစ်၍ ဆင်းရဲချမ်းသာမရွေး ကူညီတတ်သည်။ ထိုသို့ သာယာဖြောင့်ဖြူးအေးချမ်းသော သူတို့၏ဘဝတွင် မထင်မှတ်သော ကံကြမ္မာကြောင့် ကြေကွဲဖွယ်ရာဖြစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရသည်။

စိတ်အေးလက်အေး

ထိုဖြစ်ရပ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော နေ့မှာ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ညဖြစ်သည်။ ထိုနေ့တစ်နေ့လုံး ဇနီးသည် ဒေါက်တာ ကက်သရင်းဖော်ဂီသည် ခင်ပွန်းသည် ဝေါလ်တာ အဒမ်နှင့်အတူ အိမ်တွင် ကောင်းနိုးရာရာများ ချက်ပြုတ်စားသောက်ကာ အနားယူ အပန်းဖြေခဲ့သည်။ သူ၏ဆေးခန်းပိတ်ရက်ဖြစ်သဖြင့် အေးအေးဆေးဆေးရှိနေခဲ့ခြင်းဖြစ်သည်။ ထိုနေ့ညတွင် ဖြစ်ပေါ်လာမည့် ကြီးမားသော အန္တရာယ်ကို သာမန်လူတစ်ဦးဖြစ်သူ ကက်သရင်းအနေဖြင့် မသိနိုင်ခဲ့ပေ။ ထို့ကြောင့်လည်း သူ၏ စိတ်ရောဂါကုထုံးကို စိတ်အေးလက်အေး လေ့လာရန် သူ၏ အလုပ်ခန်းသို့ သွားရောက်ခဲ့လေသည်။

ကက်သရင်းသည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင်မူ သူ၏ အလုပ်ခန်းတွင်း၌ ဦးခေါင်းတွင် ဟက်တက်ကွဲဓားဒဏ်ရာနှင့် ခန္ဓာကိုယ်တွင် ထိုးသွင်းဒဏ်ရာဗရပွနှင့်သေဆုံးနေသည်ကိုတွေ့ရလေသည်။ ဝေါလ်တာ အနေဖြင့် နှစ်၃၀မျှ ပေါင်းလာသော ဇနီးသည်အတွက် အတိုင်းမသိ ဝမ်းနည်းကြေကွဲခဲ့ရလေသည်။ သို့သော်လည်း သူ့အနေဖြင့် ကံတရား၏ စေစားမှုဖြင့် ကံပြုသမျှ နခဲ့ရပေပြီ။

ယူဆထား

ရဲအဖွဲ့၏ စစ်ဆေး တွေ့ရှိချက်များအရ အဆိုပါ ရက်စက်ကြမ်းကြုတ်သော လူသတ်မှုတွင် ပြစ်မှု ကျူးလွန်သူ၏ ပုံကြမ်း၊ မျက်မြင်သက်သေတစ်ဦး၊ ခြေရာများနှင့် လူသတ်သမားကျန်ရစ်ခဲ့သော လူကြီးသုံး ခါးတောင်းကျိုက်ပိတ်စ၊အမျိုးသမီးဝတ်ဘလောက်စ်အင်္ကျီများ၊ ခြေညှပ်ဖိနပ်များထည့်ထားသည့် ဘီးပါသော ခရီးဆောင်သေတ္တာကြီးနှင့် ဓားလတ်ရှစ်ချောင်း၊ ကြိုးနှင့်ပိုက်လုံးတို့ပါဝင်သော အိတ်အသေးစသည့်သဲလွန်စများ ကျန်ရစ်ခဲ့သည်။ လူသတ်ရာတွင် အသုံးပြုသောဓားမှာ ကိုးလက်မရှည်သော ဓားနှင့် သားလှီးဓားတစ်ချောင်း ဖြစ်သည်။ ကက်သရင်းကို သတ်သူမှာ သူ၏လူနာဖြစ်သည်ဟု ယူဆထားသည်။

စစ်ဆေးမေးမြန်း

ကက်သရင်း အသတ်ခံရမှုနှင့် ပတ်သက်၍ လွန်ခဲ့သောခြောက်နှစ်ကမှစ၍ ကက်သရင်းနှင့် သိကျွမ်းခဲ့သူ ပင်ဆယ်ဗေးနီးယား ပြည်နယ်တွင် နေထိုင်သော ၄၃နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးကို ရဲအဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ ကက်သရင်းနှင့် အဆိုပါ အမျိုးသားမှာ သာမန်မိတ်ဆွေများဖြစ်သည်ဟုလည်း တွေ့ရှိရသည်။ ကက်သရင်းကို သတ်သူမှာ ကက်သရင်းဆေးခန်းဖွင့်ရာဌာနမှ အသက် ၇၀ အရွယ်ခန့်ရှိ ဒေါက်တာ ကင့်ရှင်ဘတ်ချ်နှင့် ချိန်းဆိုထားသည်ဟုဆိုကာ ဒေါက်တာကက်သရင်းနှင့် ဒေါက်တာ ကင့်ရှင်ဘတ်ချ်တို့၏ အလုပ်ခန်းများရှိရာ အပေါ်ထပ်သို့ တက်ရောက်ခဲ့ကြောင်း၊ တံခါးမှ အစောင့်နှင့်လည်း မျက်မှန်းတန်းမိသူဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။ လူသတ်မှုကျူးလွန်သူသည် ကင့်ရှင်ဘတ်ချ်နှင့် တွေ့ရန် ဧည့်ခန်းထဲတွင် စောင့်နေသူ အခြားလူနာရှိရာ ဧည့်ခန်းအတွင်းသို့ ရောက်ရှိလာပြီးနောက် ကက်သရင်းဖော်ဂီ၏ အခန်းတွင်းသို့ ဝင်ရောက်၍ တိုက်ခိုက်ခဲ့ပုံရကာ ကင့်ရှင်ဘတ်ချ် မလာမီ ကက်သရင်းသည် မည်မျှ ကြာအောင် ရုန်းကန်ခဲ့သည်ကို မသိကြောင်းဆိုသည်။ ကက်သရင်းအား မသတ်မီ ပြစ်မှု ကျူးလွန်သူအား တွေ့ခဲ့သော ကင့်ရှင်ဘတ်ချ်အားတွေ့ရန်လာသော လူနာအားလည်း ရဲအဖွဲ့က ခေါ်ယူစစ်ဆေးမေးမြန်းနေခဲ့သည်။

ထွက်ပြေးလွတ်မြောက်

ယင်းလူသတ်သမားသည် ကက်သရင်း၏အခန်းမှထွက်လာသောအခါ ကင့်ရှင်ဘတ်ချ်ကိုလည်း ကက်သရင်းသေပြီဟုပြောကာ ၎င်းအား နံရံတွင် မှီစေကာ ဓားနှင့်ထိုးပြီး ကုလားထိုင်နှင့် တွဲချည်ကာ ဒေါ်လာ ၉၀ကို ယူပြီးနောက် မြေအောက်ခန်းမှ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ဤဖြစ်ရပ်တွင် မိမိလုပ်ငန်းတွင် လုံခြုံရေးစနစ်ကို မထားရှိခဲ့သဖြင့် အလွယ်တကူ အသက်ရန်ရှာခြင်းခံရသူ ကက်သရင်း၏အဖြစ်ကို သင်ခန်းစာယူသင့်သလို သူ၏ခင်ပွန်းသည် ဝေါလ်တာအဒမ်အနေဖြင့် ဇနီးသည်အား နှုတ်မဆက်ဘဲ ရုတ်တရက်ခွဲခွာခဲ့သူဟု တစ်ယောက်တည်းလွမ်းဆွတ်ကျန်နေခဲ့ရုံမှတစ်ပါး....။ ။

> **မိမိလုပ်ငန်းတွင် လုံခြုံရေးစနစ်ကို မထားရှိခဲ့သဖြင့် အလွယ်တကူ အသက်ရန်ရှာခြင်းခံရသူ ကက်သရင်း၏အဖြစ်ကို သင်ခန်းစာယူသင့်။**

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

နောက်ပြောင်မှုလွန်ကဲသော....

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့တွင် ဖေဖော်ဝါရီ ၁၄ရက်က နောက်ပြောင်မှုလွန်ကဲ၍ အသက်၁၉နှစ်အရွယ် လူငယ်တစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဆိုဖီယာမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ကူညီ၍မရ

ဖြစ်စဉ်မှာ အသက် ၁၉ နှစ်နှင့် ၂၀ နှစ်အရွယ်ရှိ မက်ကာဘီနှင့် ဂျန်းနက်စ်အမည်ရှိ သူငယ်ချင်းနှစ်ဦးသည် ဆိုဖီယာမြို့ရှိ မြစ်ကူးတံတားတစ်စင်းပေါ် လမ်းလျှောက်ကြစဉ် တစ်ဦးနှင့်တစ်ဦး နောက်ပြောင်တွန်းထိုးကြရင်း မက်ကာဘီမှာ အရှိန်လွန်ပြီး မြစ်အတွင်းသို့ ကျသွားခဲ့သည်။ ဂျန်းနက်စ်က ပတ်ဝန်းကျင်မှလူများကို လိုက်လံအကူအညီတောင်းခဲ့သော်လည်း ရေကူးကျွမ်းကျင်သူမရှိသဖြင့် ကူညီ၍မရဖြစ်ခဲ့ရာမှ ရေမကူးတတ်သော မက်ကာဘီ ရေနစ်သေဆုံးခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ခြင်း ဆိုသည်မှာလည်း အတိုင်းအတာတစ်ခုအထိသာ ရှိသင့်ကြောင်း သတိပြုဆင်ခြင်ဖွယ်ရာပင်....။

မောင်မောင်မြင့်ဆွေ

ကင်ညာအစိုးရအား ဗြိတိသျှအဆင့်မြင့်ကော်မရှင်က အသိအမှတ်မပြုမှု နိုင်ငံရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၅

ကင်ညာအစိုးရအား ဗြိတိသျှအဆင့်မြင့်ကော်မရှင်က အသိအမှတ်မပြုနိုင်ခြင်းသည် နိုင်ငံရေးအခြေအနေအရ တိုးတက်မှုကို အဟန့်အတားဖြစ်စေကြောင်း ကင်ညာဝန်ကြီးတစ်ဦးက ပြောကြားလိုက်သည်။

ရှုမြင်သုံးသပ်

ကင်ညာအစိုးရအား ဒီမိုကရေစီ ကိုယ်စားပြုသော အစိုးရမဟုတ်ကြောင်း၊ ဗြိတိသျှအဆင့်မြင့် ကော်မရှင်က ရှုမြင်သုံးသပ်ခဲ့၍ အငြင်းပွားဖွယ်ရွေးကောက်ပွဲ ဖြစ်ခဲ့ရကြောင်း ကင်ညာနိုင်ငံခြားရေး ဝန်ကြီးက ပြောကြားသည်။

ကင်ညာနိုင်ငံသည် ကိုလိုနီနယ်ချဲ့များနှင့် ထိပ်တိုက်တွေ့ဆုံရန် မလိုကြောင်း ကင်ညာနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

သမ္မတရွေးကောက်ပွဲအငြင်းပွားမှုဖြစ်ပွားခဲ့၍ ကင်ညာပြည်သူ၁၀၀၀ခန့်သေဆုံးခဲ့ရပြီး ၆၀၀၀၀၀ခန့် နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ (အင်တာနက်)

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်

ပါကစ္စတန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၁၄ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန် အရာရှိများက ပြောကြားသည်။

ဗုံးဖောက်ခွဲတိုက်ခိုက်

ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များက မော်တော်ယာဉ် တစ်စီးဖြင့် နယ်မြေလုံခြုံရေး ဆောင်ရွက်နေစဉ် အဝေးထိန်းစနစ်ဖြင့် ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

အမြန်တင်ပို့ကုသ

ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာသည် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နယ်စပ်မြို့၌ဖြစ်ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ အမြန်တင်ပို့ကုသထားလျက် ရှိသည်။

တိုးမြှင့်ဖြန့်ချထား

ပါကစ္စတန်နိုင်ငံ၌ ရွေးကောက်ပွဲ ကျင်းပတော့မည်ဖြစ်ရာ ပါကစ္စတန် အစိုးရက လုံခြုံရေးအတွက် တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာကို တိုးမြှင့်ဖြန့်ချထားသည်။

(အင်တာနက်)

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက် အီရတ်သို့ ပထမဆုံး သွားရောက်လည်ပတ်မည်

တီဟီရန် ဖေဖော်ဝါရီ ၁၅

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်သည် လာမည့်လတွင် အီရတ်နိုင်ငံသို့ အီရန်သမ္မတအနေဖြင့် ပထမဆုံး သွားရောက်မည်ဖြစ်ကြောင်း အီရတ်ရှိ အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

သမ္မတ အာမက်ဒီနီဂျက်သည် နှစ်ရက်ကြာ သွားရောက်မည့် ယင်းခရီးစဉ်အတွင်း အီရတ်သမ္မတ တာလာဘာနီနှင့် ဝန်ကြီးချုပ် မာလီကီတို့အား တွေ့ဆုံမည်ဟု မျှော်လင့်ကြောင်း၊ ခရီးစဉ်ကို မတ် ၂ရက်တွင် စတင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

အီရန်နှင့် အီရတ်တို့သည် ၁၉၈၀ ပြည့်နှစ်နှင့် ၁၉၈၈ခုနှစ်အကြား အကြီးအကျယ် စစ်မက်ဖြစ်ပွားခဲ့၍ လူပေါင်း တစ်သန်းခန့် သေဆုံးခဲ့ရသည်။

ရွေ့ဆိုင်း

ထိုစဉ်အတွင်း အီရတ် လုံခြုံရေး ကိစ္စကို အမေရိကန်နှင့် ဆွေးနွေးရန် ရွှေ့ဆိုင်းလိုက်သည်။

ဆက်ဆံရေး

အီရတ်နှင့် အီရန်တို့သည် သမ္မတ ဆက်ဒမ်ဟူစိန်လက်ထက်ကမဟာရန်သူများဖြစ်ခဲ့ကြသည်။ ဆက်ဒမ်ဟူစိန် ပြုတ်ကျပြီးနောက် အီရန်နှင့် အီရတ်နိုင်ငံတို့၏ ဆက်ဆံရေး ပြန်လည် တိုးတက်လာခဲ့သည်။

လည်ပတ်

ပြီးခဲ့သည့်နှစ်က အီရတ် သမ္မတနှင့် ဝန်ကြီးချုပ်တို့သည် အီရန်သို့ လာရောက် လည်ပတ်ခဲ့ကြသည်။

(အင်တာနက်)

သေနတ်သမားနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ဘဂ္ဂဒက်မြောက်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား

တီကရစ် ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ်၌ ဖေဖော်ဝါရီ ၁၂ရက်က ရဲတပ်ဖွဲ့ဝင်များနှင့် သေနတ်သမားများအကြား ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့် သေနတ်သမား ခုနစ်ဦးသေဆုံးခဲ့သည်။ စစ်သွေးကြွများဟု သံသယရှိသူ ၁၈ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

ဖြစ်ပွား

ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၂၈၀အကွာရှိ ရှရီကတ်မြို့ပြင်ရှိ ရဲတပ်ဖွဲ့ဝင်များ၏ စစ်ဆေးရေးဂိတ်သို့ သေနတ်သမားများက စတင် တိုက်ခိုက်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရောက်ရှိလာ

ယင်းဖြစ်ပွားရာသို့ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး လာရောက်တိုက်ခိုက်သည့် သေနတ်သမားများနောက်သို့ လိုက်လံတိုက်ခိုက်ရာမှ ရှရီကတ်မြို့အနီးရှိ ရှိတ်ဟာမက်ကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ပူးပေါင်းတပ်ဖွဲ့များအနေဖြင့် ဖမ်းမိသောစစ်သွေးကြွ ၁၈ဦးမှာ အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့နှင့် အဆက်အသွယ်ရှိသူများဖြစ်သည်ဟု ယုံကြည်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကားဗုံး ပေါက်ကွဲ

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်၌ ဖေဖော်ဝါရီ ၁၄ ရက်က ကားဗုံး ပေါက်ကွဲရာသို့ ရဲတပ်ဖွဲ့ဝင်များ စစ်ဆေး နေ သည် ကို တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

ဆီးနှင်းများထူထပ်စွာ ကျဆင်းခဲ့မှုကြောင့် တရုတ်၌ သစ်တောဟက်တာ ၁၈သန်းကျော် ပျက်စီး

ပေကျင်း ဖေဖော်ဝါရီ ၁၅

ပြီးခဲ့သည့် ရက်သတ္တပတ်များက တရုတ်နိုင်ငံအတွင်း ဆိုးရွားသော ရာသီဥတုကြောင့် ပြည်နယ်၁၉ခုတွင် ဆီးနှင်းများထူထပ်စွာကျဆင်းခဲ့ရာ သစ်တောဟက်တာ ၁၈ဒသမ ၆ သန်းကျော် ပျက်စီးခဲ့ကြောင်း သစ်တော ထိန်းသိမ်းရေးဌာနက ဖေဖော်ဝါရီ ၁၃ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ပျက်စီးဆုံးရှုံးမှုများတွင် ဝါးပင် ဟက်တာ ၆ဒသမ ၈၃သန်း၊ သစ်တောဟက်တာ ၁၁ဒသမ ၆သန်းနှင့် အပင်ပေါက် ၁၅၃၃၃ ဟက်တာတို့ ပါဝင်ခဲ့သည်။

ခံစားခဲ့

ယန်စီမြစ်အလယ်ပိုင်းဝန်းကျင်ဒေသများတွင်လည်း ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုဒဏ်ကိုခံစားခဲ့ရကာ စိုက်ပျိုးမြေဟက်တာ ခုနစ်သန်းခန့်ပျက်စီးခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ပြောကြား

တရုတ်နိုင်ငံ တောင်ပိုင်း၌ ဇန်နဝါရီလလယ်ပိုင်းတွင် ဖြစ်ပွားခဲ့သော ပုံမှန်မဟုတ်သည့် နှင်းမုန်တိုင်းများဒဏ်ကို ဒေသခံပြည်သူ သန်း၁၀၀ ခန့် ခံစားခဲ့ရပြီး အနည်းဆုံး ဒေသခံ ၈၀ခန့် သေဆုံးခဲ့ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆီးနှင်းများဖုံးလွှမ်း

တရုတ်နိုင်ငံ ကွမ်ကျိုးပြည်နယ်ရှိ သီးနှံစိုက်ခင်းများ၌ ဆီးနှင်းများ ဤသို့ ဖုံးလွှမ်းခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)



အစ္စရေးအား စစ်ခင်းရန်အသင့်ရှိကြောင်း ဟစ်ဇ်ဘိုလာ ခေါင်းဆောင် ပြောကြား

ဘေရွတ် ဖေဖော်ဝါရီ ၁၅

ဆီးရီးယားနိုင်ငံ၌ ဟစ်ဇ်ဘိုလာခေါင်းဆောင်တစ်ဦး ဗုံးခွဲတိုက်ခိုက်ခံရ၍ သေဆုံးခဲ့ပြီးနောက် ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟက်ဆန်နာဆရဲလ်လားက အစ္စရေးနိုင်ငံအား စစ်ခင်းရန် အသင့်ရှိကြောင်း သတိပေး ပြောကြားလိုက်သည်။

ကြေညာ

လက်ဘနွန်နိုင်ငံ၏မြို့တော် ဘေရွတ်မြို့၌ ဟစ်ဇ်ဘိုလာ ခေါင်းဆောင်တစ်ဦးဖြစ်သည့် အီမတ်မွတ်နီရပ်၏ ဈာပနအခမ်းအနားကျင်းပစဉ် နာဆရဲလ်လားက အထက်ပါအတိုင်း ကြေညာလိုက်ခြင်းဖြစ်သည်။

ငြင်းဆို

မွတ်နီရပ်သည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ ဖေဖော်ဝါရီ၁၂ရက်က ကားဗုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံးခဲ့ရသည်။ ၎င်းသေဆုံးခဲ့မှုသည် အစ္စရေးတို့၏ လက်ချက်ကြောင့်ဖြစ်ကြောင်း နာဆရဲလ်လားက အပြစ်ဆိုထားသည်။ သို့သော်လည်း အစ္စရေးက ထိုကိစ္စအတွက် မဟုတ်မမှန်ကြောင်း ငြင်းဆိုထားသည်။

(အင်တာနက်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **အာမေနီးယားနိုင်ငံ ယီရီဗင်မြို့လေဆိပ်၌ ဖေဖော်ဝါရီ ၁၄ ရက်က ခရီးသည်တင်လေယာဉ်ငယ်တစ်စင်း လေဆိပ်မှပျံအတက်ပျက်ကျခဲ့ရာ ခရီးသည်လေးဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။** (အောက်ပုံ)

- ❒ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပူလွန်ကျေးရွာအနီး၌ ဖေဖော်ဝါရီ ၁၄ရက်က မော်တော်ယာဉ်တစ်စီး လမ်းဘေးချောက်အတွင်း ထိုးကျခဲ့ရာ ရှစ်ဦးသေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိခဲ့သည်။

- **ကနေဒါနိုင်ငံ ဗန်ကူဗားမြို့၌ ဖေဖော်ဝါရီ ၁၄ရက်က စားသောက်ဆိုင်တစ်ဆိုင် မီးလောင်ခဲ့ရာ သုံးဦးသေဆုံးပြီး စားသောက်ဆိုင်လည်းပျက်စီးခဲ့သည်။**

- ❒ ဂျပန်နိုင်ငံမြောက်ပိုင်း ဖူကူရှီမားမြို့တွင် ဖေဖော်ဝါရီ၁၄ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းခဲ့ရာ အချို့နေရာများ၌ ဆီးနှင်းထု လေးပေအထိ မြင့်ခဲ့သည်။

- **အင်ဒိုနီးရှားနိုင်ငံ မာလူကူကျွန်းမှ မိုင် ၁၇၀ခန့်အကွာ ပင်လယ်ကြမ်းပြင်ကို ဗဟိုပြု၍ ဖေဖော်ဝါရီ၁၄ရက်က အင်အားရစ်ချ်တာစကေး ၆ဒသမ၆ရှိ မြေငလျင်လှုပ်ခဲ့သည်။**

- ❒ ဂရိနိုင်ငံရောမမြို့၌ ဖေဖော်ဝါရီ ၁၄ရက်က သုံးထပ်လူနေအဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ ငါးဦးဒဏ်ရာရရှိခဲ့သည်။

- **နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ အနောက်ဘက်မိုင် ၁၈၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၁၄ရက်က မြေပြိုမှုဖြစ်ပွားရာ လေးဦးသေဆုံးခဲ့သည်။**

- ❒ စပိန်နိုင်ငံ ဘာစီလိုနာမြို့ မြောက်ဘက်မိုင် ၂၅၀ခန့်အကွာ တောင်တစ်တောင်ပေါ်သို့ ဖေဖော်ဝါရီ ၁၄ရက်က တောင်တက်သမားသုံးဦး တက်ရောက်စဉ် ဆီးနှင်းခဲများပြိုကျမှုကြောင့် သုံးဦးစလုံး သေဆုံးသွားခဲ့သည်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၅–၂–၂၀၀၈

ဆက်သွယ်ရေးဂြိုဟ်တု ဗီယက်နမ်လွှတ်တင်မည်

ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးဂြိုဟ်တုကို လာမည့် ဧပြီ၁၀ရက်၌ ကမ္ဘာပတ်လမ်းကြောင်းသို့ လွှတ်တင်ရန်စီစဉ်ထားကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

ဗီနာဆက်အမည်ရှိ အဆိုပါ ဆက်သွယ်ရေးဂြိုဟ်တုကို အမေရိကန်ဒေါ်လာသန်း ၂၀၀ကျော် အကုန်အကျခံကာ တည်ဆောက်ထားခြင်းဖြစ်ပြီး အရှေ့တောင်အာရှနှင့် အရှေ့မြောက်အာရှဒေသများ၏ ဆက်သွယ်ရေးလုပ်ငန်းများကို ပိုမိုလျင်မြန်စေရေး ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

နျူကလီးယားစွမ်းအင်စက်ရုံ ဘူလ်ဂေးရီးယား၌ တည်ဆောက်မည်

ဘူလ်ဂေးရီးယားနိုင်ငံ၌ နျူကလီးယားစွမ်းအင်စက်ရုံ တည်ဆောက်မည်ဖြစ်ကြောင်း ဘူလ်ဂေးရီးယားအရာရှိများက ပြောကြားသည်။

အဆိုပါ နျူကလီးယားစွမ်းအင်စက်ရုံကို ပြည်ပစွမ်းအင်ကုမ္ပဏီငါးခုတို့က ပူးတွဲရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန်စီစဉ်ထားပြီး သဘာဝဓာတ်ငွေ့လုပ်ငန်းများ၌လည်း ရင်းနှီးမြှုပ်နှံကြမည်ဖြစ်သည်။

ယခုနှစ် စင်ကာပူ စီးပွားရေးတိုးတက်မှုနှေးကွေးမည်

စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ၂၀၀၈ခုနှစ်၌ တိုးတက်မှုနှေးကွေးမည်ဖြစ်ကြောင်း စင်ကာပူအရာရှိများက သုံးသပ်ပြောကြားသည်။

ကနဦး ခန့်မှန်းမှုအရ စင်ကာပူစီးပွားရေးသည် ၂၀၀၈ခုနှစ်၌ ၆ဒသမ၆ ရာခိုင်နှုန်းတိုးတက်မည်ဟု သုံးသပ်ခဲ့သော်လည်း လက်ရှိအခြေအနေအရ ၄ဒသမ၅ရာခိုင်နှုန်းသာတိုးတက်နိုင်မည်ဟု ၎င်းတို့က ပြောကြားသည်။

လွတ်လပ်စွာကုန်သွယ်ရေး ပနားမားစာချုပ်

ပနားမားနှင့် ဂွာတီမာလာတို့သည် လွတ်လပ်စွာကုန်သွယ်ရေး စာချုပ်ကို လက်မှတ်ရေးထိုးကြရန် သဘောတူညီလိုက်ကြသည်။

ပနားမားနိုင်ငံသည် အလယ်ပိုင်း အခြားအမေရိကနိုင်ငံများဖြစ်သော အယ်ဆာဗေဒို၊ ဟွန်ဒူးရပ်စ်၊ နီကါရာဂွာ၊ ကော်စတာရီကာနိုင်ငံများနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ်များ ချုပ်ဆိုခဲ့သလို စင်ကာပူ၊ တရုတ်၊ ချီလီတို့နှင့်လည်း လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူ စာချုပ်ချုပ်ဆိုထားသည့် နိုင်ငံဖြစ်သည်။

အာရပ်ထိပ်သီးအစည်းအဝေး ဆီးရီးယား၌ကျင်းပမည်

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ လာမည့်မတ်လကုန်တွင် အာရပ်ထိပ်သီးအစည်းအဝေးကို လက်ခံကျင်းပမည်ဖြစ်ကြောင်း ဆီးရီးယားအစိုးရက သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါအစည်းအဝေး၌ အစ္စရေးနှင့်ပါလက်စတိုင်းကိစ္စ၊ လက်ဘနွန်ပြဿနာနှင့် အီရန်နျူကလီးယားအရေးတို့ အပါအဝင် အရှေ့အလယ်ပိုင်းကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

အင်ဒိုနီးရှား၌ ဆူနာမီသတိပေးစနစ်တပ်ဆင်

အင်ဒိုနီးရှားနိုင်ငံ မာလူကူပြည်နယ်တွင် မကြာမီက အင်အားရစ်ချ်တာစကေး ၆ဒသမ၆ရှိသော ငလျင်လှုပ်ခဲ့ပြီးနောက် ဆူနာမီကြိုတင်သတိပေးစနစ်များ အဆိုပါ ပြည်နယ်၌ တပ်ဆင်ခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အဆိုပါ ဆူနာမီကြိုတင်သတိပေးစနစ်ကြောင့် ကမ်းရိုးတန်းဒေသနေပြည်သူများအတွက် ကြိုတင်သတိပေးချက်များ ထုတ်ပြန်နိုင်မည်ဖြစ်သည်။

လစ်ဗျားရေနံစိမ်းများ အင်ဒိုနီးရှားသို့တင်သွင်းမည်

အင်ဒိုနီးရှားနိုင်ငံသည် လစ်ဗျားမှ ရေနံစိမ်းစည် ၁၅၀၀၀၀ကို နေ့စဉ်တင်သွင်းရမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်းသုံးစွဲမှု များပြားလာသည့်အတွက် ဘန်တန်ပြည်နယ်ရှိ ရေနံချက်စက်ရုံတစ်ရုံသို့ အဆိုပါ ရေနံများပေးပို့ကာ ရေနံသန့်စင်မှုပြုလုပ်ပြီး ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဘာဝဒဿနအမြင်

- ***He who loves believes.***
  ချစ်သောသူသည် ယုံလွယ်၏။

  ဆာဖရန်စစ်ဘေကွန် (အတွေးအခေါ်ပညာရှင်)

- ***The less people think, the more they talk.***
  တွေးတောမြော်မြင်မှု နည်းလေလေ၊ စကား ပိုပြောလေလေ။

  စစ်စီရို (အီတလီစာရေးဆရာ)

ဒိုမီနီကာ ဓနသဟာယနိုင်ငံ

သတင်းအက်ဆေး

တိုး–ရေးသားသည်

ဒိုမီနီကာ ဓနသဟာယနိုင်ငံသည် အရှေ့ကာရစ်ဘီယံဒေသတွင် တည်ရှိသည်။ သဘာဝအရင်းအမြစ်ရှားပါးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်ပသို့ ငှက်ပျောသီးတင်ပို့ရောင်းချမှုကိုသာ အဓိကမှီခိုအားထားနေရသော နိုင်ငံဖြစ်သည်။ ထိုပို့ကုန်ပစ္စည်းမှာလည်း အပြိုင်အဆိုင်များပေါများလှ၍ ရပ်တည်ရေးအတွက်ပင် မနည်းလုံးပမ်းရုန်းကန်နေရသည်။

ခုနစ်နှစ်ကြာစစ်ပွဲ

ဤကျွန်းသို့ စပိန်နယ်သစ်ရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်က ၁၄၉၃ ခုနှစ်တွင် ရောက်ရှိလာပြီး ဒိုမီနီကာဟု အမည်ပေးလိုက်သည်။ အဓိပ္ပာယ်မှာ တနင်္ဂနွေကျွန်းဟူ၍ ဖြစ်သည်။ ၁၆၂၇ခုနှစ်တွင် အင်္ဂလိပ်တို့က မျက်စိကျသည်။ ၁၆၃၅ခုနှစ်တွင် ပြင်သစ်က အပိုင်စီးလိုပြန်သည်။ ၁၆၆၀ပြည့်နှစ်တွင် ဒိုမီနီကာကျွန်းနှင့် စိန့်ဗင်ဆင့်ကျွန်းတို့ကို လက်လွှတ်ရန် ဗြိတိန်နှင့်ပြင်သစ်တို့ သဘောတူသည်။ ဗြိတိန်နှင့်ပြင်သစ်တို့ ခုနစ်နှစ်ကြာစစ်ပွဲ အဆုံးသတ်စေသည့် ပါရီသဘောတူညီချက်အရ ၁၇၆၃ခုနှစ်တွင် ဒိုမီနီကာကို ဗြိတိန်က ပိုင်သွားမည်။ သို့သော် ၁၈၀၅ ခုနှစ်တိုင် ပြင်သစ်က ဆက်လက်စိန်ခေါ်နေသည်။ ဗြိတိန်က လူဖြူများကိုသာ ကိုယ်စားပြုသည့်ဥပဒေပြုလွှတ်တော်တစ်ရပ် ဖွဲ့စည်းပေးသည်။ ၁၈၃၄ခုနှစ်တွင် ကျွန်စနစ်ကို ဖျက်သိမ်းခဲ့သည်။

၁၈၃၈ခုနှစ်တွင် ဒိုမီနီကာသည် လူမည်းများထိန်းချုပ်သော ဥပဒေပြုလွှတ်တော်ထားရှိသည့် ကာရစ်ဘီယံဒေသမှ ပထမဆုံးနှင့် တစ်ခုတည်းသော ဗြိတိသျှကိုလိုနီ ဖြစ်လာသည်။ ၁၈၆၅ခုနှစ်တွင် ရွေးချယ်တင်မြှောက်သည့် လွှတ်တော်ဖြင့် အစားထိုးသည်။ ရွေးချယ်တင်မြှောက်သည် ဆိုသော်လည်း လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကိုသာ ရွေးချယ်ရပြီး ကျန်ထက်ဝက်ကိုမူ ခန့်အပ်တာဝန်ပေးသည့် စနစ်ဖြစ်သည်။ ၁၈၉၆ခုနှစ်တွင် ဒိုမီနီကာကိုဗြိတိသျှအစိုးရက တိုက်ရိုက်အုပ်ချုပ်သည့် ကိုလိုနီအဖြစ် ပြန်လည်ပြဋ္ဌာန်းအုပ်ချုပ်ခဲ့ပြန်သည်။ ၁၉၆၀ပြည့်နှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးသည်။

၁၉၇၈ခုနှစ်တွင် ဒိုမီနီကာသည် လွတ်လပ်ရေးရရှိပြီး ပက်ထရစ်ဂျွန်မှာ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူသည်။

ဒိုမီနီကာ ဓနသဟာယနိုင်ငံ၏ သမ္မတမှာ ဒေါက်တာ နီကိုလပ်လစ်ဗာပူးဖြစ်သည်။ ဝန်ကြီးချုပ်မှာ ရုစဗဲ့စကာရစ်ဖြစ်သည်။ ၂၀၀၅ခုနှစ် မေလ ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ရုစဗဲ့စကာရစ်၏ ဒိုမီနီကာ အလုပ်သမားပါတီက အနိုင်ရရှိခဲ့သည်။

အငယ်ဆုံး ဝန်ကြီးချုပ်

ဝန်ကြီးချုပ် ရုစဗဲ့စကာရစ်သည် ပညာရေးဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၂၀၀၄ခုနှစ် ဇန်နဝါရီလတွင် သမ္မတပီယာချားလ် ရုတ်တရက် ကွယ်လွန်ပြီး နောက်နှစ်ရက်တွင် ဒိုမီနီကာ ဓနသဟာယနိုင်ငံ၏ အငယ်ဆုံး ဝန်ကြီးချုပ်အဖြစ် ရုစဗဲ့စကာရစ်က ရာထူးဆက်ခံသည်။ ၎င်းပါတီက ရာထူးဆက်ခံရန် ရွေးချယ်ခြင်းဖြစ်သည်။ ထိုစဉ်က သူ့အသက်မှာ၃၁နှစ်သာရှိသေးသည်။ သူသည် နိုင်ငံတော်၏ အခြေမလှသော စီးပွားရေးကို အမွေဆက်ခံလိုက်ရသည်။

၂၀၀၄ခုနှစ်တွင် သူ့အစိုးရက တရုတ်ပြည်မကြီးနှင့်ဆက်ဆံရေးတိုးမြှင့်ပြီး ထိုင်ဝမ်နှင့် သံတမန်အဆက်ဖြတ်လိုက်သည်။ ထို့ကြောင့်ပင် တရုတ်အစိုးရက ဒိုမီနီကာ ဓနသဟာယနိုင်ငံသို့ ဒေါ်လာသန်း ၁၀၀ အကူအညီပေးရန်သဘောတူလိုက်ခြင်း ဖြစ်သည်။

ဟာရီကိန်းမုန်တိုင်းကျရောက်

ဒိုမီနီကာ ဓနသဟာယနိုင်ငံသည် ဟာရီကိန်းမုန်တိုင်းများကျရောက် ဒုက္ခပေးမှုကို အကြီးအကျယ်ခံစားရသည်။ မကြာမီအချိန်ပိုင်းအတွင်း ပြန်ကြည့်မည်ဆိုလျှင် ၁၉၇၉ခုနှစ်က ဟာရီကိန်းမုန်တိုင်းကြောင့် အကြီးအကျယ်ပျက်သုဉ်းခဲ့ရသည်။ တစ်ဖန် ၁၉၈၀ပြည့်နှစ်တွင် ထပ်မံ၍ ဟာရီကိန်းမုန်တိုင်း ကျရောက်သဖြင့် ပျက်စီးဆုံးရှုံးမှုရှိပြန်သည်။ ၁၉၉၉ခုနှစ်တွင် လင်နီဟာရီကိန်းကြောင့် နိုင်ငံတစ်ဝန်း အထိအခိုက်အပျက်အစီးများကြုံရသည်။ ပြီးခဲ့သည့် ၂၀၀၇ခုနှစ် ဩဂုတ်လအတွင်းက ဒင်းဟာရီကိန်းမုန်တိုင်းဝင်မွှေသဖြင့် ငှက်ပျော စိုက်ခင်း ၉၉ရာခိုင်နှုန်း ပျက်စီးသွားသည်။ ထို့ကြောင့် ယိမ်းယိုင်နေသည့် ဒိုမီနီကာ ဓနသဟာယနိုင်ငံ၏ စီးပွားရေးအပေါ် ပိုမိုဝန်ပိလာစေသည်။

တောတောင်ထူထပ်ပြီး တစ်နှစ်ပတ်လုံး အပူပိုင်းဇုန်ကျရောက်မှုကြောင့် ဒိုမီနီကာ ဓနသဟာယနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လိုသည့် နေရာတစ်ခုဖြစ်သည်။ ထို့ပြင် သဘာဝဥယျာဉ်များ၊ ရှားပါးသော ကျေးငှက်သာရကာများ စုံလင်မှုနှင့်ကမ္ဘာ့ဒုတိယအကြီးဆုံး ရေပူအိုင်ကြီးတို့ကလည်း ကမ္ဘာလှည့်ခရီးသည်များကို အထူးဆွဲဆောင်လျက်ရှိသည်။

သို့သော် လမ်းပန်းဆက်သွယ်မှု စသော အခြေခံအဆောက်အအုံများ ညံ့ဖျင်းခေတ်မမီမှု၊ ခေတ်မီဂျက်လေယာဉ်ကြီးများ ဆိုက်ရောက်နိုင်စေသည့် အဆင့်မြင့်လေဆိပ်မရှိမှုတို့ကြောင့် ခရီးသွားလုပ်ငန်းမှာလည်း ဖြစ်မြောက်ခရီးတွင်ခြင်းမရှိပါပေ။

ဂျက်လေယာဉ်ကြီးများ ဆိုက်ရောက်နိုင်သည့် လေယာဉ်ကွင်း၊ လေဆိပ်ကြီးတည်ဆောက်ပြန်လျှင်လည်း ခရီးသည်များ အဆမတန်များပြားလာပြီး ဂေဟစနစ်ပျက်ယွင်းကာ သဘာဝအလှများထိခိုက်ကုန်မည်ကိုလည်း ဒိုမီနီကာ ဓနသဟာယ ပြည်သူပြည်သားများက စိုးရိမ်ပူပန်နေကြသည်။ မည်သို့ဆိုစေ သဘာဝအလှတို့ကို မြတ်နိုးတန်ဖိုးထားတတ်ကြသည့် ဒိုမီနီကာ ဓနသဟာယ နိုင်ငံမှ ပြည်သူများအကြားဝယ် အခြားအခြားသော ကာရစ်ဘီယံဒေသပြည်သူများနှင့်နှိုင်းယှဉ်ကြည့်သော် ရာဇဝတ်မှုများ လွန်စွာနည်းပါးနေသည်ကိုမူ အထင်အရှားတွေ့ရှိနိုင်ပေသည်။

ကိုးကား–အင်တာနက်

ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ

ရီးရဲမက်ဒရစ်က အရခေါ်ယူမည့် ဘာဘာတော့ဗ်

ရေးသူ-မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၁၅

ဘူလ်ဂေးရီးယားနဲ့ စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်ကို စပိန်ကလပ် ရီးရဲမက်ဒရစ်က လာမည့်နှစ် ဘောလုံးရာသီမှာ ရအောင်ခေါ်ယူသွားမယ်လို့ ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်ပါတယ်။



ရီးရဲမက်ဒရစ်က ခေါ်ယူရန်ကြိုးစားနေသည့် ဘူလ်ဂေးရီးယားနှင့် စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်။ (အင်တာနက်ဓာတ်ပုံ)

ရီးရဲမက်ဒရစ်ကလပ်ရဲ့ အပတ်စဉ်ပြုလုပ်တဲ့အမှုဆောင်အစည်းအဝေးမှာ ဘာဘာတော့ဗ်ကို ခေါ်ယူဖို့ကိစ္စမှာ တစ်စုံတစ်ယောက်မျှ ကန့်ကွက်ခဲ့သူမရှိဘဲ အားလုံးကထောက်ခံခဲ့ကြတယ်လို့ ရီးရဲမက်ဒရစ်ကလပ်က ထုတ်ပြန်တဲ့ သတင်းမှာ ဖော်ပြထားတယ်။

လက်မနှေး

ကမ္ဘာ့အဆင့်မီ ဘောလုံးသမားတွေကို ခေါ်ယူဖို့လက်မနှေးတတ်တဲ့ ရီးရဲမက်ဒရစ်ဟာ အရပ်ရပ်ဝင်ငွေတွေရဲ့ သုံးပုံတစ်ပုံကို ဘောလုံးသမားခေါ်ယူရေးမှာ သုံးစွဲခွင့်ရှိတာမို့ ရီးရဲမက်ဒရစ်သမိုင်းမှာတော့ ဘောလုံးသမားဝယ်ယူရေးကိစ္စမှာ ငွေကြေးနဲ့ပတ်သက်ပြီး လက်တွန့်ခဲ့တာ သိပ်မရှိပါဘူး။

ပြင်ဆင်ထား

ဒါကြောင့် ဘာဘာတော့ဗ်ကို စပါးက ရောင်းနိုင်ဖို့အတွက် ငွေကြေးသတ်မှတ်ချက်တစ်ခုပဲရှိတော့မယ်လို့ ရီးရဲမက်ဒရစ်က ပြောကြားထားပါတယ်။ စပါးအသင်းအနေနဲ့ ဘာဘာတော့ဗ်ရဲ့ ပြောင်းရွှေ့ခကို တန်ရာတန်ကြေးတောင်းယူဖို့အတွက် ပြင်ဆင်ထားရန်သာရှိတယ်လို့ ရီးရဲမက်ဒရစ်က ဈေးခေါ်လိုက်ပြီဖြစ်ပါတယ်။

ရေငုံနှုတ်ပိတ်

ခန့်မှန်းသူတွေကတော့ ရီးရဲမက်ဒရစ်ဟာ ဘာဘာတော့ဗ်ကို ခေါ်ယူနိုင်ဖို့ ပေါင်သန်း၅၀ကျော်အထိ သုံးစွဲလိမ့်မယ်လို့ သုံးသပ်နေကြပါတယ်။ ဒါဟာ အတော်လေး များပြားတဲ့ ပြောင်းရွှေ့ကြေး တစ်ရပ်ပါပဲ။ ရီးရဲမက်ဒရစ်ရဲ့ ကြိုးစားမှုကို စပါးအသင်းက အခုအချိန်ထိ ရေငုံနှုတ်ပိတ်နေဆဲဖြစ်ပြီး ဘာဘာတော့ဗ်ဟာ စပါးအသင်းမှာ ပျော်မွေ့နေသူဖြစ်နေပါပြီလို့ပဲ သတင်းထုတ်ပြန်ထားပါတယ်။

ရီးရဲမက်ဒရစ်တို့ကတော့ မိမိတို့ပေးမယ့်ငွေကြေးဟာ စပါးအသင်းငြင်းဆိုနိုင်ဖို့ခဲယဉ်းမယ်လို့ ဆိုထားတာကြောင့် ဘာဘာတော့ဗ်ကို ခေါ်ယူဖို့ ရီးရဲမက်ဒရစ်တို့ ဘယ်လောက်အထိ ငွေကြေး ပုံအောသုံးမယ်ဆိုတာ စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

ခေါ်ဖို့ကြိုးစား

တကယ်တော့ ဘူလ်ဂေးရီးယားတိုက်စစ်မှူးဘာဘာတော့ဗ်ကို မန်ယူ၊ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ကလည်း ခေါ်ဖို့ ကြိုးစားခဲ့ပြီး ဘယ်လိုမှ ညှိနှိုင်းလို့မရလို့သာ လက်လျှော့လိုက်ရတာပါ။ ဘာဘာတော့ဗ်ကိုယ်တိုင်ကလည်း စပါးအသင်းက မခွာချင်တာမို့ လက်ရှိအချိန်အထိ စပါးအသင်းမှာပဲ မြဲနေခြင်းဖြစ်ပါတယ်။

အပြိုင်အဆိုင်ကြိုးစား

ပြီးခဲ့တဲ့ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်မှာ ဘာဘာတော့ဗ်ကို ခေါ်ယူနိုင်ဖို့ အပြိုင်အဆိုင်ကြိုးစားနေတဲ့အသင်းတွေကြောင့် စပါးပရိသတ်လည်း ဘာဘာတော့ဗ်ကို စပါးအသင်းက မထွက်ခွာဖို့ စာရေးတောင်းဆိုခဲ့ကြတယ်လို့ ဆိုပါတယ်။

စွမ်းဆောင်ပေး

ပရိသတ်တွေ တောင်းဆိုမယ်ဆိုရင်လည်း ဆိုထိုက်ပါတယ်။ ဘာဘာတော့ဗ်ဟာ စပါးအသင်းကို ကာလင်းဖလားဗိုလ်လုပွဲအထိ ရောက်အောင် စွမ်းဆောင်ပေးထားနိုင်ခဲ့သလို ယူအီးအက်ဖ်အေမှာလည်း နိုင်ပွဲတွေရအောင် ဂိုးတွေ သွင်းပေးနေတဲ့ တိုက်စစ်မှူးတစ်ဦးလည်းဖြစ်ပါတယ်။

အခုဆိုရင် ဒီနှစ်ပရီမီယာလိဂ်မှာ စပါးအတွက် ၁၀ဂိုးသွင်းယူပေးထားပြီး ပွဲတိုင်း ပါဝင်ကစားပေးနေတဲ့ တိုက်စစ်မှူးတစ်ဦး ဖြစ်ပါတယ်။ အသက် ၂၇နှစ်အရွယ်သာရှိသေးတဲ့ ဘာဘာတော့ဗ်ဟာ ဘောလုံးသမားတစ်ဦးအတွက်ကတော့ အကောင်းဆုံး ခြေစွမ်းပြနိုင်တဲ့အရွယ် ဖြစ်တာမို့ ရီးရဲမက်ဒရစ်တို့က အရ ခေါ်ယူလိုတဲ့ဆန္ဒတွေ ဖြစ်နေတာပါပဲ။

မျက်စိကျ

ရီးရဲမက်ဒရစ်ရဲ့ အဓိကတိုက်စစ်မှူးဖြစ်တဲ့ နစ္စတယ်ရွိုင်းဟာ အသက် ၃၀ ကျော်နေပြီဖြစ်တာမို့ လူငယ်တိုက်စစ်မှူးတစ်ဦး အစားထိုးဖို့လိုအပ်နေတာမို့ ရီးရဲမက်ဒရစ်တို့က ဘာဘာတော့ဗ်ကို မျက်စိကျနေခြင်းပဲ ဖြစ်ပါတယ်။

ဘာဘာတော့ဗ်ဟာ ဘွန်ဒတ်လီဂါကလပ်ဘေယာလေဗာကူဆင်ကနေပြီး ၂၀၀၆-၂၀၀၇ ခုနှစ်ဘောလုံးရာသီမှာ စပါးအသင်းကိုပြောင်းရွှေ့ကစားခဲ့တာ ဖြစ်ပါတယ်။ ရောက်တဲ့နှစ်မှာပဲ စပါးအတွက် ၁၂ ဂိုးသွင်းယူပေးခဲ့ပြီး စပါးပရိသတ်ရဲ့ အချစ်တော်လည်း ဖြစ်ခဲ့သူပါပဲ။

သေချာ

ဘာဘာတော့ဗ်ဟာ ခေါင်းအေးအေးထားပြီး ကစားတတ်တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်သလိုတစ်ဖက်အသင်းနောက်တန်းကို လျင်လျင်မြန်မြန်နဲ့ ထိုးဖောက် ကစားတတ်တဲ့အပြင် အဆုံးသတ် သေချာတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။

စိတ်ဝင်စား

ဒါကြောင့် ပရီမီယာလိဂ်၊လာလီဂါနဲ့ စီးရီးအေ ထိပ်တန်းကလပ်အသင်းတွေ ဘာဘောတော့ဗ်ကို ခေါ်ယူနိုင်ဖို့ ကြိုးစားနေကြတာမို့ ဘာဘာတော့ဗ်ရဲ့ အနာဂတ်ဟာ စိတ်ဝင်စားစရာတော့ ကောင်းနေပါတယ်။

ဒီအသင်းတွေ အထဲမှာတော့ ရီးရဲမက်ဒရစ်က ထိပ်ဆုံးကပါဝင်နေပြီး ဘာဘာတော့ဗ်ကိုခေါ်ယူဖို့ ငွေထုပ်ပြင်နေတာမို့ လာမယ့်နှစ် ဘောလုံးရာသီမှာတော့ ဘာဘာတော့ဗ် ဘယ်အသင်းရောက်သွားမယ်ဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

အင်တာနက် သတင်းအတိုအထွာ

* **ရက်ဒင်းအသင်းသည် ၎င်း၏ နောက်တန်းကစားသမား နစ်ကီရှိုရေးအား စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးလျက်ရှိသည်။**

* လီဗာပူးတိုက်စစ်မှူး ပီတာခရောချ်အား အက်စ်တွန်ဗီလာနည်းပြ မာတင်အိုနေးလ်က ပေါင် ၉သန်းဖြင့် ခေါ်ယူရန်စီစဉ်နေကြောင်း ဒေးလီးမေးလ်သတင်းစာက ဖော်ပြသည်။

* **တိုက်စစ်မှူး ကနူးအား ဩစတြေးလျသို့ပြောင်းရွှေ့ကစားရန် သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ပို့စ်မောက်နည်းပြ ဟာရီရက်နက်က အသင်းမှ ထုတ်ပယ်လိုက်ကြောင်း အင်ဒီပင်းဒင့်သတင်းစာက ရေးသားသည်။**

* အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်သည် ပေါင် ၃၃သန်းတန်ဖိုးရှိ စာချုပ်သစ်ချုပ်ဆိုရန် အာဆင်နယ်သို့ တင်ပြထားသည်ဟုဆိုသည်။

* **မန်စီးတီး နောက်တန်းကစားသမား ရစ်ချတ်ဒန်နီအား နည်းပြအဲရစ်ဆင်က ရာသီအကုန် မန်စီးတီးမှမထွက်ခွာမီ စာချုပ်သစ်ချုပ်ဆိုသွားမည်ဟုဆိုသည်။**

* မန်စီးတီးအသင်းသည် ကင်မရွန်းကစားသမား အမ်ဘီယာအား ပေါင်လေးသန်းဖြင့် ခေါ်ယူရန်ကြိုးစားနေကြောင်း ဒေးလီးစတားသတင်းစာက ဖော်ပြသည်။

* **စတုဂတ်အသင်းသည် ချန်ပီယံရှစ်ပြိုင်ဘက် ဝက်စ်ဘရွန်းအသင်းထက် သာလွန်မှုရရှိရန် အက်စ်တွန်ဗီလာတိုက်စစ်မှူး လူကီမိုရီအား အငှားခေါ်ယူသွားမည်ဖြစ်ကြောင်း စတားသတင်းစာက ရေးသားသည်။**

* ချယ်လ်ဆီးနှင့် တော့တင်ဟမ်တို့သည် ဆီဗီလာအသင်းမှ အဲလ်ဗက်စ်အား ခေါ်ယူရန်ကြိုးစားနေကြောင်း ဒေးလီးစတားက ဖော်ပြသည်။

* **တိုက်စစ်မှူး ရှိုလာအမီယိုဘီအား နယူးကာဆယ်အသင်းမှ မထွက်ခွာသင့်ကြောင်း နည်းပြ ကီဗင်ကီးကန်းက သတိပေး ပြောကြားလိုက်သည်။**

* လီဆစ္စတာစီးတီးအသင်းသည် ယခု ဘဏ္ဍာရေးနှစ်တွင် ပေါင် ၁၁သန်းအကုန်အကျခံ၍ ဘောလုံးသမားအသစ်များ ခေါ်ယူသွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ မန်ဒါရစ်ကပြောကြားသည်။

ယူအီးအက်ဖ်အေ ၃၂ သင်းအဆင့်ယှဉ်ပြိုင် စပါးနှင့် ဘော်လ်တန်အသင်းတို့ အနိုင်ရရှိ

လန်ဒန် ဖေဖော်ဝါရီ ၁၅

ယူအီးအက်ဖ်အေဖလား ၃၂ သင်းအဆင့် ပထမအကျော့ပြိုင်ပွဲများကို ဖေဖော်ဝါရီ၁၄ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ စပါးအသင်းက ဆလာဗီယာပရက်ဂ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

စပါးအသင်းသည် ပွဲအစမှာပင် လျင်လျင်မြန်မြန်ထိုးဖောက်ကစားနိုင်သဖြင့် ဆလာဗီယာပရက်ဂ်အသင်းကို ခြေစွမ်းအသာဖြင့်ကစားနိုင်ခဲ့သည်။ ပွဲစပြီး လေးမိနစ်အတွင်း ဘာဘာတော့ဗ်က ဂိုးဧရိယာအစပ်မှ သွင်းယူလိုက်ရာ စပါးတို့ ဖွေဆော်ဦးဂိုး စတင်ရရှိသွားသည်။

အကွက်ဆင်ပေး

စပါးအသင်းအတွက် ဒုတိယမြောက်ဂိုးကို ပွဲချိန် မိနစ် ၃၀ တွင် ဂျီးနက်စ် ထိုးဖောက်အကွက်ဆင်ပေးလိုက်သောဘောလုံး ရော်ဘီကိန်းရရှိသွားရာမှ ဂိုးသွင်းယူနိုင်ခဲ့သည်။

သွင်းယူ

ဒုတိယပိုင်းတွင် ဆလာဗီယာပရက်ဂ်အသင်းက ချေပဂိုးသွင်းယူနိုင်ရန် အကြိတ်အနယ် ထိုးဖောက်ကစားခဲ့ရာ စထရီကာက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

စပါးအသင်းသည် ပထမပိုင်းတွင် ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်း ခြေစွမ်းအနည်းငယ်ကျသွား၍ ဆလာဗီယာပရက်ဂ်တို့ ချေပဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းအနိုင်ပွဲကြောင့် စပါးအသင်း တိုက်စစ်မှူး ရော်ဘီကိန်းက အိမ်ကွင်းဒုတိယအကျော့ကစားရာတွင် အနိုင်ကစားနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။



ဘော်လ်တန်အသင်းမှ ဒိုင်အုတ်(ယာ)၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ဘော်လ်တန်-အက်သလက်တီကို

ပရီမီယာလိဂ်မှ ဘော်လ်တန်အသင်းသည် ယူအီးအက်ဖ်အေပြိုင်ပွဲတွင် စပိန်လာလီဂါမှ အက်သလက်တီကို အသင်းအား အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

အက်သလက်တီကိုအသင်းသည် ဘော်လ်တန်အသင်းကို ခြေရည်တူ အပြန်အလှန်ထိုးဖောက်ကစားနိုင်ခဲ့သည်။ ပွဲစပြီး ၁၂ မိနစ်အကြာ အက်သလက်တီကိုအသင်းမှ လိုပက်ဇ်အမှတ်မထင် ကန်သွင်းလိုက်ရာ ဘော်လ်တန်ဂိုးသမား ဂျပ်စီအချိန်မီ ကာကွယ်လိုက်နိုင်သည်။

ဂိုးမသွင်းနိုင်

ဘော်လ်တန်နှင့် အက်သလက်တီကို အသင်းတို့သည် ဦးဆောင်ဂိုးသွင်းနိုင်ရေး အကြိတ်အနယ်ကြိုးစားသော်လည်း ပထမပိုင်းပြီးသည်အထိတစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့ချေ။

ပွဲချိန် ၇၃ မိနစ်တွင် အက်သလက်တီကိုအသင်းမှ လူစားဝင်ကစားသူ ဆာဂျီယိုအဂူယာရို အနီကတ်ထိပြီး ထွက်သွားရသဖြင့် ဘော်လ်တန်တို့ ဂိုးသွင်းရန်အခွင့်အလမ်းပိုသာခဲ့သည်။ ၎င်းထွက်သွားပြီး မကြာမီမှာပင် ဘော်လ်တန်တို့ ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ရာ ခြောက်ကိုက်အကွာမှ ဒိုင်အုတ်က သွင်းယူနိုင်ခဲ့သည်။ ပွဲအပြီး ဘော်လ်တန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်၍ ဒုတိယအကျော့ပွဲစဉ်အတွက် အလားအလာ ပိုကောင်းသွားသည်။

အခြားပွဲစဉ်များ

အဘာဒင်း ၂-၂ ဘိုင်ယန်မြူးနစ်
ဇင်းနစ် ၁-၃ ဟမ်းဘတ်
ရိစင်ဘော့ ၀-၁ ဖီအိုရင်တီးနား
ဘင်ဖီကာ ၁-၀ နူရင်ဘတ်။

(အင်တာနက်)

မြင့်မောင်စိုး - စုစည်းတင်ပြသည်

ကာဆီးလက်စ်နှင့် တိုက်စစ်မှူး ရာအူးလ် ရီးရဲမက်ဒရစ်အသင်းနှင့် ထပ်မံစာချုပ်

မက်ဒရစ် ဖေဖော်ဝါရီ ၁၅

ရီးရဲမက်ဒရစ်တိုက်စစ်မှူး ရာအူးလ်နှင့် ဂိုးသမား ကာဆီးလက်စ်တို့သည် ကျန်ရှိနေသော ဘောလုံးသမားဘဝကို ရီးရဲမက်ဒရစ်အသင်း၌ ဆက်လက်ကစားရန် စာချုပ်များ ထပ်မံချုပ်ဆိုခဲ့ကြသည်။

အသက် ၂၆ နှစ်ရှိ စပိန်လက်ရွေးစင်ဂိုးသမားကာဆီးလက်စ်သည် ၂၀၁၇ ခုနှစ်အထိ စာချုပ်ထပ်မံချုပ်ဆိုလိုက်သည်။

အသက် ၃၀ အရွယ်သာ ရှိသေးသည့် အသင်းခေါင်းဆောင်ရာအူးလ်သည်လည်း ၂၀၁၁ ခုနှစ်အထိ စာချုပ်ထပ်မံချုပ်ဆိုခဲ့သည်။ ရာအူးလ်သည် ၁၉၉၄ခုနှစ်က ရီးရဲမက်ဒရစ်အသင်းသို့ ရောက်ရှိလာပြီး ကာဆီးလက်စ်မှာ ၁၉၉၉ ခုနှစ်၌ ရောက်ရှိခဲ့သည်။

ရာအူးလ်နှင့် ကာဆီးလက်စ်တို့သည် ရီးရဲမက်ဒရစ်အသင်းကို ဥရောပဖလားနှစ်လုံးနှင့် လိဂ်ဖလားသုံးလုံး ဆွတ်ခူးနိုင်ရန် အဓိကစွမ်းဆောင်ပေးခဲ့ကြသည်။ (အင်တာနက်)

ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတည်နှင့် **Victorious Glory International Pte., Ltd.** ဥက္ကဋ္ဌ **Mr. Krivoshey Pavel** တို့ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဖားကန့်မြို့နှင့် ဟုမ္မလင်းမြို့အကြား ဥရုမြစ်ကြောင်းတစ်လျှောက် ရွှေနှင့် ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာခြင်းလုပ်ကိုင်ရန် စာချုပ်ကို လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။ (သတင်းစဉ်)

ဖားကန့်နှင့် ဟုမ္မလင်းမြို့အကြား ဥရုမြစ်ကြောင်းတစ်လျှောက် ရွှေနှင့် ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာရေး စာချုပ်ချုပ်ဆို

နေပြည်တော် ဖေဖော်ဝါရီ ၁၅

သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ **Victorious Glory International Pte., Ltd.** ကုမ္ပဏီတို့၏ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဖားကန့်မြို့နှင့် ဟုမ္မလင်းမြို့အကြား ဥရုမြစ်ကြောင်းတစ်လျှောက် ရွှေနှင့်ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာခြင်းလုပ်ကိုင်ရန် စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ သံအမတ်ကြီး **Mr. Mikhail M. Geladze**၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ **Victorious Glory International Pte., Ltd.**ကုမ္ပဏီဥက္ကဋ္ဌ **Mr. Krivoshey Pavel**နှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းတည်နှင့် **Victorious Glory International Pte., Ltd.**ကုမ္ပဏီဥက္ကဋ္ဌ **Mr. Krivoshey Pavel** တို့သည် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးကြသည်။

လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို နံနက် ၁၁ နာရီအချိန်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၂-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	**'တရားဘယ်လိုကျင့်ရမလဲ'** တရားတော် (ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
၈း၀၅ - ၂း၅၀	၂၀၀၆ ခုနှစ် အကယ်ဒမီဩ မြင်ကွင်းများ
၈း၂၅ - ၂း၂၅	တစ်ပတ်အတွင်း အားကစားသတင်း
၈း၄၀ - ၂း၄၀	စိန်ရတုအကြိုစာအုပ်ဈေးပွဲတော်
၈း၅၀ - ၂း၅၀	ခေတ်မီပြည့်စုံ ဇန်ကောက်ဆေးရုံ
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	မြန်မာကြိုက်နဲ့သာဖြူပုရပ်ဆီ
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	ရေညှောင့် နှုတ်ပိုင်းငှက်များ မျိုးမသုဉ်းစေရန် ကာကွယ် ထိန်းသိမ်းမှုအလုပ်ရုံဆွေးနွေးပွဲ
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀ - ၄း၃၀	ဇင်ဇင်နှင့်ခြင်ကျား ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့် (ဒါရိုက်တာ- စင်ရော်မောင်မောင်)
၁၀း၄၀ - ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅	ပျော်ရွှင်စရာ **Utopia Tower**
၁၁း၁၅ - ၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	မြတ်ဗုဒ္ဓအလိုကျ ချမ်းသာစစ် ချမ်းသာမှန်ရရှိစေမည့် တရားတော် [ဒေါက်တာချစ်ငယ် (ဒဿန) **Ph.D**]
၁၂း၀၀ - ၆း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂း၃၀- ၆း၃၀	လွင်မိုးခရီးသွားနေသည် အပိုင်း(၃)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ပဉ္စမအဆင့်ပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Bristol-Southampton	Star Sports(Live)
၉း၂၅	Chelsea-Huttersfield	ESPN(Live)
၉း၂၅	Liverpool-Barnsley	Star Sports(Live)
၁၁း၄၀	Man Utd-Arsenal	Star Sports(Live)

Series-A ပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Juventus-Roma	5-Cartoons(Live)

ပန်းချီပြပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အရှေ့စမ်းချောင်းလမ်းနှင့် ရှင်စောပု ဘုရားလမ်းထောင့် တိုက် ၂/၄၊၂/ ဘီ(ဒုတိယထပ်)ရှိ Snow Flake Art Gallery ဖွင့်ပွဲအဖြစ် ဖေဖော်ဝါရီ ၂၁ ရက် (ကြာသပတေးနေ့)တွင် ပန်းချီဆရာကြီး ၁၅ဦးတို့၏ Spring Art Exhibition ပန်းချီပြပွဲကို ခင်းကျင်းပြသရန် စီစဉ်ထားသည်။

ပြသထားမည်

ပန်းချီဆရာကြီးများ ဖြစ်သည့် ဦးသောင်းဟန်၊ ဦးစောလှိုင်၊ ဦးလွန်းဖေ၊ ဦးလှတင်ထွန်း၊ ဦးကြည်ဝင်း၊ ဦးဇော်ဝင်း၊ ဝင်းမြင့်မိုး၊ မွန်သက်၊ မျိုးသန့်အောင်၊ စမ်းချောင်းကိုကို အောင်၊ နေဝင်းအောင်၊ ဝင်းသိန်း၊ လှဖုန်းအောင်၊ စောတင့်ဝေ၊ မင်းဟိန်း အောင်တို့၏ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်ပန်းချီကားများကို ပြသထားမည် ဖြစ်သည်။

ဆက်သွယ်နိုင်

Snow Flake Art Gallery ပြခန်းနှင့်ပတ်သက်၍ ဒေါ်နှင်းနှင်းဦး ဖုန်း-၀၉-၉၀-၆၁၅၉၇နှင့် ၀၉-၅၀-၄၃၀၈၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

* ကျောဖုံးမှ

ပဌာန်းပူဇော်

ရှေးဦးစွာ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးငွေထွန်းက ပြောကြားရာတွင် "ကျွန်တော်တို့ ဒီဘုရားပွဲတော်ကြီး နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စနစ်တကျ

ဒီဘုရားပွဲတော်မှာ သန့်ရှင်းမှုနဲ့ လုံခြုံမှု ကောင်းအောင် စီစဉ် ဆောင်ရွက်ထားပါတယ်။

ဦးတင်ရှိန်
ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)

စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီပွဲတော်ကြီးဟာ ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်လို့ အစောပိုင်းရက်တွေမှာ ပဌာန်း ဝတ်ရွတ်ပူဇော်ပွဲတွေ ပြုလုပ်ပါတယ်။

ပွဲတော်ကျင်းပရေး ဈေးဆိုင်ခန်းများ နေရာချထားပေးရေး ကော်မတီမှ ဈေးဆိုင်ခန်း ၂၀၀၀ ကျော်ကို စနစ်တကျ နေရာချထား ပေးလျက်ရှိသည်။

(မြန်မာ့အလင်း)

နောက်ပိုင်း ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၂ရက်အထိ ဇာတ်ပွဲ၊ ရုပ်ရှင်၊ မျက်လှည့်၊ ရုပ်သေး၊ အလှခြင်းလုံးခတ်ပွဲတွေ ထည့်သွင်းထားပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

"ကျွန်တော်တို့ဗုဒ္ဓပူဇနိယပွဲတော်ကြီးမှာ အနီးဝန်းကျင်ဒေသများမှ တောင်သူလယ်သမားတွေ အပါအဝင် ပြည်သူအများ စိတ်အေးချမ်းသာစွာ ပျော်ရွှင်နိုင်ဖို့အတွက် နာမည်ကြီး ဇာတ်တွေဖြစ်တဲ့ ဖိုးချစ်ဇာတ်သဘင်၊ မိုးမင်းဇာတ်သဘင်၊ တင်ကိုဝင်းဇာတ်သဘင်၊ ကိုဇေ ဇာတ်သဘင်တို့ကိုလည်း ထည့်သွင်းထားပါတယ်"ဟု ဦးငွေထွန်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ရွှေကြိုတဲ

ယင်းနောက် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ရှိန်ကလည်း "ကျွန်တော်တို့ ဒီဗုဒ္ဓပူဇနိယပွဲတော်ကြီးမှာ ထူးခြားတာကတော့ ရွှေကြိုတဲပါပဲ။ ရွှေကြိုတဲဆိုတာကတော့ ဒီဘုရားပွဲတော်ကြီးသို့ အနီးဝန်းကျင်မှာရှိတဲ့ ရွာနီးချုပ်စပ်က ကျေးရွာသူ ကျေးရွာသား၊ တောင်သူလယ်သမားမိသားစုတွေဟာ ဘုရားပွဲမစတင်မီ တစ်ရက် နှစ်ရက်အလိုမှာ ဘုရားကိုရောက်လာကြတယ်။ ဘုရားပွဲပြီးမှ ပြန်ကြတယ်။ ဒီရွာသူ ရွာသားတွေဟာ ဘုရားကို ရောက်လာရခြင်း အဓိကရည်ရွယ်ချက်ကတော့ ဘုရားကို ရွှေသင်္ကန်းကပ်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့်သူတို့ နားနေတည်းခိုဖို့အတွက် ဂေါပကအဖွဲ့က တဲအိမ်အလုံး ၄၀၀ လောက် ဆောက်ပေးရတယ်။ ဒီတဲလေးတွေကို ရွှေသင်္ကန်းကပ်တဲ့ အလှူရှင်တွေ၊ ရွာသူရွာသားတွေကို ကြိုဆိုတဲ့တဲဖြစ်လို့ ရွှေကြိုတဲလို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်။

ရုပ်သေး

ထူးခြားတာကတော့ ဒီဘုရားပွဲတော်မှာ မြန်မာ့အမြင့်သဘင်လို့ခေါ်တဲ့ရုပ်သေးပွဲထည့်သွင်းထားပါတယ်။ ကျွန်တော်တို့ ဒီရုပ်သေးပွဲကို နှစ်စဉ်နှစ်တိုင်း ဘုရားပွဲမှာ ထည့်သွင်းကပြစေပါတယ်။ အထူးသဖြင့် ဒီရုပ်သေးပွဲကို အနီးဝန်းကျင်ကလူညီးတွေ၊ လှေတွေနဲ့ လာကြတဲ့ဘုရားဖူးပြည်သူတွေ အများဆုံး ကြည့်ရှုကြပါတယ်။ အစက ကျွန်တော်တို့ ဒီရုပ်သေးပွဲကို ဘုရားရဲ့ ရှေ့မှာတစ်စင်၊ နောက်မှာတစ်စင်

ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးမှာ ပြည်သူအများ စိတ်အေးချမ်းသာ ပျော်ရွှင်နိုင်ဖို့ ဇာတ်သဘင်ပွဲတွေ ထည့်သွင်းပေးပါတယ်။

ဦးငွေထွန်း
ဂေါပကအဖွဲ့ (အတွင်းရေးမှူး)

ဖျော်ဖြေတင်ဆက်ကြပါတယ်။ နောက်ပိုင်းမှာတော့ ရုပ်သေးပညာရှင်တွေ နည်းလာတော့တစ်စင်ပဲ ငှားနိုင်တော့တယ်။ ဒီပွဲဟာ ဗလာပွဲပါ။ ရုပ်သေးပညာရှင် ဦးရဲခွေး ဦးဆောင်တဲ့ ဒီရုပ်သေးပွဲကို ဘုရားဂေါပကအဖွဲ့ရဲ့ စီစဉ်မှုနဲ့ တပို့တွဲလဆန်း ၁၂ ရက်ကနေ လပြည့်ကျော် ၁ ရက်အထိ ငါးညတိုင်တိုင် ကပြသွားမှာ ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ရေအလှူပွဲ

ဆက်လက်၍ ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် တွဲဖက် အတွင်းရေးမှူး(၂) ဦးကျော်မြိုင်ကလည်း "ကျွန်တော်တို့ ဒီဘုရားပွဲတော်ကြီးမှာ ထူးခြားတာ တစ်ခုကတော့ ရေချမ်းစင် အလှူပွဲပါပဲ။ အနီးဝန်းကျင်မှာရှိတဲ့ ရွာတွေက ကျေးရွာသူ ကျေးရွာသားတွေရဲ့ ရေအလှူပွဲ ဖြစ်ပါတယ်။ ဘုရားဖူးလာတဲ့ ပြည်သူတွေ စိတ်အေးချမ်းသာစွာ ရေသောက်သုံးနိုင်ဖို့ ဘုရားပွဲတော်နေရာအနှံ့မှာ ရေချမ်းစင်တွေ ထားရှိပေးထားပါတယ်။ စုစုပေါင်း ရေချမ်းစင် ၂၆စင် ရှိပါတယ်။ ပွဲအစမှ အဆုံး ရေချမ်းစင်အလှူရှင် တစ်ဦးဟာ ရေတစ်စည် ၆၀၀ ကျပ်နှုန်းနဲ့ဆိုရင် ကျပ်တစ်သိန်း ဝန်းကျင်လောက်

ဒီဘုရားပွဲတော်မှာ အနီးဝန်းကျင်က ကျေးရွာသူ ကျေးရွာသားတွေဟာ ထူးခြားတဲ့ ရေအလှူ ကုသိုလ်ပြုကြပါတယ်။

ဦးကျော်မြိုင်
ဂေါပကအဖွဲ့
တွဲဖက်အတွင်းရေးမှူး(၂)

ကုန်ကျပါတယ်" ဟု ပြောပြသည်။

ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ဇာတ်ကြီးလေးဇာတ်နှင့် ရုပ်ရှင်၊ ရုပ်သေး၊ မျက်လှည့်စသောပွဲပေါင်း ၁၀ပွဲ ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်ခန်း ၂၀၀၀ ကျော်

ထို့အပြင် သနပ်ခါး၊ သင်ဖြူးဖျာ အရောင်းဆိုင်များ၊ ဝင်းသူဇာအရောင်းဆိုင်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ကလေးကစားစရာ ပျော်ပွဲရွှင်ပွဲများ အပါအဝင် ဆိုင်ခန်းပေါင်း၂၀၀၀ ကျော် လာရောက် ရောင်းချလျက်ရှိသည်။

ဘုရားဖူးလာ ပြည်သူများအား အနီးဝန်းကျင် ကျေးရွာများမှ အလှူရှင်များက ဤသို့ ရေအလှူ ကုသိုလ်ပြုကြသည်။

(မြန်မာ့အလင်း)

ဗုဒ္ဓပူဇနိယပွဲတော်ကြီးမှာ ထူးခြားတာတစ်ခုကတော့ ရေချမ်းစင် အလှူပွဲပါပဲ။ အနီးဝန်းကျင်မှာရှိတဲ့ ရွာတွေက ကျေးရွာသူ ကျေးရွာသားတွေရဲ့ ရေအလှူပွဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကြုံတောင့်ကြုံခဲ လှစွာသော ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးသို့ လာရောက် ဖူးမြော်နိုင်ရန် သတင်းစကားပါးဖိတ်ခေါ်လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးကဏ္ဍ (၃)

ပါမောက္ခ ဒေါက်တာပိုင်စိုး

ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည်ဟု ဆိုရိုးရှိသည့်အတိုင်း ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုဦးစားပေးဆောင်ရွက်ရင်း တစ်ဖက်မှလည်း ဝေဒနာသည်များကို သက်သာပျောက်ကင်းစေရန် ပြုစုကုသရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေသည့်အပြင် ပြန်လည် ထူထောင်လာစေရန်လည်း ကုသမှုလုပ်ငန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုသရေးလုပ်ငန်းများ

တိုးတက်လာသောလူဦးရေ၊ တိုးတက်လာသော ဆေးပညာရပ်ဆိုင်ရာ နည်းပညာအခြေအနေများအရ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ဆေးရုံများကို အရေအတွက်သာမက အရည်အသွေးပါ မြှင့်တင်ပေးလျက်ရှိပါသည်။ ဤသို့ မြှင့်တင်ပေးလျက်ရှိရာတွင် ယခင်ကရှိနေသော ၁၆ ခုတင်၊ ၂၅ ခုတင်၊ ခုတင် ၅၀၊ ခုတင် ၁၀၀၊ ခုတင် ၁၅၀၊ ခုတင် ၂၀၀ နှင့် ခုတင် ၃၀၀ဆံ့ ဆေးရုံများမှ ၂၅ ခုတင်ဆံ့သို့ ၉၈ ရုံ၊ ခုတင် ၅၀ ဆံ့သို့ ၂၅ ရုံ၊ ခုတင် ၁၀၀ ဆံ့သို့ ၁၅ ရုံ၊ ခုတင် ၁၅၀ ဆံ့သို့ သုံးရုံ၊ ခုတင် ၂၀၀ ဆံ့သို့ ၂၀၊ ခုတင် ၂၅၀ ဆံ့သို့ တစ်ရုံ၊ ခုတင် ၃၀၀ ဆံ့သို့ သုံးရုံ၊ ခုတင် ၈၀၀ ဆံ့သို့ တစ်ရုံ မြှင့်တင်ပေးခဲ့ပါသည်။ ထို့ပြင် နယ်စပ်ဒေသမှ တိုင်းရင်းသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို နယ်စပ်ဒေသ ကျန်းမာရေးစီမံချက်များရေးဆွဲ၍ ဆေးရုံ၊ ဆေးခန်း ဖွင့်လှစ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ဖြည့်တင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဗဟိုနှင့် ပြည်နယ်၊ တိုင်း အပါအဝင် မြို့ကြီးများတွင် ဆေးရုံသစ်များ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အကြီးအကဲ၏ ရန်ကုန်–မန္တလေးတစ်ပြေးညီဆောင်ရွက်ရေး လမ်းညွှန်ချက်နှင့်အညီ မန္တလေးမြို့တွင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆေးရုံကြီး၊ ခုတင် ၃၀၀ ဆံ့ သင်ကြားရေး ဆေးရုံကြီး၊ စိတ်ရောဂါအထူးကုဆေးရုံကြီး၊ အမျိုးသမီးဆေးရုံကြီးနှင့် ကလေးအထူးကုဆေးရုံကြီးများကို တည်ဆောက်ဖွင့်လှစ်ခဲ့ပါသည်။ အထက်မြန်မာပြည်နှင့်အောက်မြန်မာပြည် ကျန်းမာရေးစောင့်ရှောက်မှု တစ်ပြေးညီဖြစ်စေရေးအတွက် မန္တလေးပြည်သူ့ဆေးရုံကြီးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနည်းတူ အထူးကုသမှု ယူနစ်များ ဖွင့်လှစ်၍ အထူးကုဆရာဝန်ကြီးများနှင့် အခြားကျွမ်းကျင်မှု ပညာရှင်များကို ဖြည့်စွက်ပေးကာ လိုအပ်သော နောက်ဆုံးပေါ် ခေတ်မီအဆင့်မြင့် ဆေးရုံသုံး စက်ကိရိယာများ တပ်ဆင်ပေးခဲ့ပြီးဖြစ်ရာ အထက်မြန်မာပြည်မှ လူနာများ ရန်ကုန်သို့ ငွေကုန်ကြေးကျ များစွာအကုန်အကျခံပြီး ဆေးကုသမှုခံယူရန် မလိုတော့ဘဲ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ကြပြီဖြစ်ပါသည်။ ဆေးရုံများ၏ ကုသမှုအရည်အသွေး ပိုမိုထိရောက် အောင်မြင်စေရန် ဆေးရုံနှင့် ကျန်းမာရေးဌာနများတွင်လိုအပ်သည့် ဆရာဝန်၊သူနာပြုနှင့် သားဖွားဆရာမများကိုတိုးချဲ့ခန့်ထားပေးခဲ့ပါသည်။

ခရိုင်အဆင့်ဆေးရုံများတွင် ဆေးပညာ၊ ခွဲစိတ်ကု၊ သားဖွား/မီးယပ်၊ ကလေးကျန်းမာ၊ မေ့ဆေးနှင့် သွားဘက်ဆိုင်ရာ အထူးကု ဘာသာရပ် ခြောက်မျိုးအတွက် ခရိုင်အထူးကု ဆရာဝန်ကြီး ၃၀၀ နှင့် ပြည်နယ်၊ တိုင်း ဆေးရုံများတွင် ဆေးပညာ၊ ခွဲစိတ်ကု၊ သားဖွား/မီးယပ်၊ ကလေးကျန်းမာ၊ မေ့ဆေး၊ အရိုး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဓာတ်မှန်၊ ရောဂါဗေဒ၊ စိတ်ရောဂါနှင့် သွားဘက်ဆိုင်ရာ အထူးကု ဘာသာရပ် ၁၂ မျိုးအတွက် ပြည်နယ်၊တိုင်း အထူးကုဆရာဝန်ကြီး ၂၅၉ ဦးနှင့် အထူးကုဆရာဝန် ၁၀၈ ဦးတို့ကို တိုးချဲ့ခန့်ထားခဲ့ပါသည်။

ကုသမှုလုပ်ငန်းများတွင် အရည်အသွေး တိုးမြင့်လာစေရန် **နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်မှ လုပ်ငန်းသုံးစက်ပစ္စည်း ကိရိယာများ ဝယ်ယူဖြည့်တင်းရန် ၁၉၈၈–၁၉၈၉ ခုနှစ်မှ ၂၀၀၇–၂၀၀၈ ခုနှစ် ကာလအတွင်း နိုင်ငံပိုင် နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၄၃ သန်း ခွဲဝေ ချထားပေးခဲ့ပါသည်။ ဤသို့ ခွဲဝေချထားပေးခဲ့သည့် နိုင်ငံပိုင် နိုင်ငံခြားသုံးငွေကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားပညာရည် မြင့်မားရေး အထူးလေးနှစ် စီမံကိန်း၏ သင်ကြားရေးဆေးရုံများ အရည်အသွေးမြှင့်တင်ရေး အစီအစဉ်အရ ခေတ်မီ ဆေးရုံသုံး စက်ပစ္စည်းကိရိယာများ ဝယ်ယူတပ်ဆင်ပေးခဲ့ပါသည်။** ရန်ကုန်နှင့် မန္တလေးမြို့ရှိ ဗဟိုအဆင့် ဆေးရုံကြီးများနှင့် ပြည်နယ်တိုင်း ဆေးရုံများ၊ ခရိုင် ဆေးရုံများအပြင် အချို့မြို့နယ်ဆေးရုံများသို့ပါ ထောက်ပံ့ပေးခဲ့ပါသည်။

သင်ကြားရေးဆေးရုံများနည်းတူ ပြည်နယ်နှင့်တိုင်း ဆေးရုံများတွင်လည်း ခေတ်မီဓာတ်ခွဲခန်းသုံး ပစ္စည်း ကိရိယာများတပ်ဆင်ပြီး၊ သွေးဗေဒဆိုင်ရာ စက်ပစ္စည်း၊ အသားစယူ ရောဂါရှာဖွေရန် စက်ပစ္စည်း၊ သွေးတွင်း ဒြပ်တိုင်းတာခြင်း ဆောင်ရွက်ရန် စက်ပစ္စည်းများ၊ မေ့ဆေးကိရိယာအပါအဝင် ခေတ်မီခွဲစိတ်ခန်းသုံး ပစ္စည်း ကိရိယာများ ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ဗဟိုအဆင့် ဆေးရုံကြီးများနည်းတူ၊ ပြည်နယ်၊ တိုင်း ဆေးရုံများတွင် ခုတင်နှစ်လုံးပါ အထူးကြပ်မတ် ကုသမှုယူနစ် ICU များ တပ်ဆင်ဖွဲ့စည်းလျက်ရှိပါသည်။ ခရိုင်ဆေးရုံများတွင်လည်း အထူးကု ဆရာဝန်များ ခန့်ထားပြီးဖြစ်ရာ ယင်းဆေးရုံများတွင် ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းနှင့် ရောဂါရှာဖွေရေး ကိရိယာများကို ဆက်လက်ဖြည့်ဆည်းလျက် ရှိပါသည်။

ရောဂါရှာဖွေရေးတွင်လည်းကောင်း၊ ကုသရာတွင်လည်းကောင်း **လိုအပ်သော နောက်ဆုံးပေါ် ခေတ်မီနည်းပညာသုံး စက်များဖြစ်သော 64 Slice CAT Scan စက်များ၊ MRI စက်များ၊ ကင်ဆာရောဂါကု ဓာတ်ရောင်ခြည်စက်များ၊ ရေဒီယိုဓာတ်ကြွပစ္စည်း Isotope သုံး နှလုံးတိုင်း စက်ကြီးများကို ရန်ကုန်၊ မန္တလေးနှင့်နေပြည်တော်ရှိ ဆေးရုံကြီးများတွင် တပ်ဆင်ဖြည့်တင်းပေးခဲ့သဖြင့် လူနာများအား ထိရောက်သော ကုသမှုများကို ပေးနိုင်ခဲ့ပါသည်။**

ယခင်က မြန်မာနိုင်ငံတွင် ပြုလုပ်ပေးနိုင်ခြင်းမရှိသဖြင့် နှလုံးရောဂါ လူနာများကို လိုအပ်ပါက ပြည်ပနိုင်ငံများသို့ သွားရောက်၍ ရောဂါရှာဖွေ ကုသခဲ့ကြရာမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် (Cardiac Catheterization Laboratory) နှလုံးရောဂါ ရှာဖွေစမ်းသပ်သည့်



ရေဒီယိုဓာတ်ကြွပစ္စည်းသုံး နှလုံးတိုင်းတာရေးစက်။

အဆင့်မြင့် စက်ကြီးများကို ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၊ နှလုံးရောဂါ ဆေးကုသဌာနတွင် ၁–၈–၂၀၀၀ ရက်နေ့တွင် လည်းကောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နှလုံးရောဂါ ဆေးကုသဌာနတွင် ၂၇–၂–၂၀၀၁ ရက်နေ့တွင် လည်းကောင်း စတင်တပ်ဆင်ခဲ့ပြီး ကျဉ်းနေသော သွေးကြောများကို Balloon ဖြင့်ချဲ့၍ ကုသခြင်း၊ (Percutaneous Tranluminal Coronary Angiography-PTCA)သွေးကြောချဲ့ပြီး သတ္တုကွင်းစွပ်၍ ကုသခြင်း၊ (PTCA+Stent Development) နှလုံးပိုက်ထည့်၍ ရောဂါရှာဖွေကုသခြင်း စသည်တို့ဖြင့် နှလုံးရောဂါ ဝေဒနာသည်များအား ရောဂါရှာဖွေကုသပေးလျက်ရှိရာ ယနေ့အထိ ရန်ကုန် ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေး ပြည်သူ့ဆေးရုံကြီးတို့တွင် စုစုပေါင်း လူနာ ၂၁၃၄ ဦး ရောဂါရှာဖွေ ကုသပေးပြီးဖြစ်ပါသည်။ ယခင်က ရင်ဖွင့်၍ နှလုံးခွဲစိတ်ခြင်း Open Heart Surgery ကို ရန်ကုန် ပြည်သူ့ဆေးရုံကြီး တစ်ခုတည်းတွင်သာ ဆောင်ရွက်ခဲ့ရာမှ ယခုအခါ မန္တလေးပြည်သူ့ဆေးရုံကြီးတွင်လည်း ၅–၆–၂၀၀၀ ရက်နေ့မှ စတင်ပြုလုပ်ခဲ့ရာ ယနေ့အထိ စုစုပေါင်း လူနာ ၁၄၈၆ ဦးတို့ကို ခွဲစိတ်ကုသပေးခဲ့ပြီး ဖြစ်ပါသည်။

မြန်မာဆေးပညာရှင်များ၏ အရည်အသွေး ပြည့်ဝမြင့်မားလာနိုင်သည်နှင့်အမျှ အင်္ဂါအစားထိုး ခွဲစိတ်ကုသမှုများနှင့်ရင်ချင်းဆက်အမြွှာ၊ ကိုယ်ချင်းဆက်အမြွှာ ခွဲစိတ်ကုသမှုများကိုလည်း နိုင်ငံတကာအဆင့်မီ ပြုလုပ်နိုင်ခဲ့ပြီဖြစ်သဖြင့် မြန်မာ့ဆေးပညာ အဆင့်အတန်းအား ကမ္ဘာမှသိစေပါသည်။ ရန်ကုန်မြို့ ကလေးဆေးရုံရင်ချင်း ဆက်အမြွှာ အေးအေးငြိမ်းနှင့်အိအိငြိမ်း ညီအစ်မကို ၂၅–၇–၁၉၉၃ ရက်နေ့တွင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်သကဲ့သို့ **ဖွံ့ဖြိုးပြီးနိုင်ငံခြား တိုင်းပြည်များတွင်ပင် ခက်ခက်ခဲခဲ ဆောင်ရွက်ရသော တင်ပါးချင်းဆက် အမြွှာခွဲစိတ်မှု တစ်ခုဖြစ်သော မိုးပပအောင်နှင့် မိုးမမအောင် တင်ပါးဆုံချင်းဆက် အမြွှာညီအစ်မတို့အား ၁၁–၈–၂၀၀၂ရက်နေ့၌ မန္တလေးမြို့ ကလေးဆေးရုံကြီးတွင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါသည်။** ဤကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမှာလည်း ပညာရှင် တစ်ဦးကောင်း တစ်ယောက်ကောင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်မှ အချိန်ယူ၍ လေ့ကျင့် ပျိုးထောင်ထားသော မြန်မာ့ဆေးပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပါသည်။

ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသမှုကို ရန်ကုန်မြို့တွင် ၈–၅–၁၉၉၇ ရက်နေ့တွင် စတင်ပြုလုပ်ခဲ့ပြီး ယနေ့အထိ လူပေါင်း ၂၆ဦး၊ မန္တလေးမြို့တွင်လည်း ၂၅–၁–၂၀၀၂ရက်နေ့မှ စတင်ကာ ယနေ့အထိ လူနာပေါင်း ရှစ်ဦး စုစုပေါင်း ၃၄ဦးကို ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသ ပေးခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံတော်မှ ရင်းနှီးစိုက်ထုတ် ပံ့ပိုးမှုနှင့် မြန်မာ့ဆေးပညာရှင်များ၏ နှစ်ပေါင်းများစွာ အဆင့်ဆင့်အချိန်ယူ ကြိုးစားမှုကြောင့် ယခင် အချိန်များက နိုင်ငံခြားတွင်သာ ပြုလုပ်နိုင်သော ကျောက်ကပ်အစားထိုး ကုသမှုအား ယခုအချိန်တွင် နိုင်ငံအတွင်း၌ ပုံမှန်လုပ်ငန်းသဖွယ် ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အဖြစ်များသော အသည်းရောဂါနှင့် ပတ်သက်၍ အသည်းပျက်စီးချို့ယွင်းပြီး အစားထိုး ကုသရန်မှတစ်ပါး အခြားကုသစရာ မရှိသောလူနာများအတွက် အသည်းအစားထိုးကုသမှုကို ၂၅–၈–၂၀၀၄ ရက်နေ့တွင် အောင်မြင်စွာအစားထိုးကုသနိုင်ခဲ့ပါသည်။ အလှူအတန်းနှင့်ပတ်သက်လာလျှင် မိမိ၏ကိုယ်အင်္ဂါ လှူဒါန်းရန် မတွန့်တိုသော မြန်မာလူမျိုးများအတွက် အင်္ဂါအစားထိုးကုသရေးအောင်မြင်မှုများသည် အားတက်ဖွယ်ဖြစ်ပါသည်။

ကိုယ်ခန္ဓာအစားထိုး ခွဲစိတ်ကုသပေးမှုများတွင် နိုင်ငံခြားသို့ သွားရောက်ကုသပါက လူနာရှင်များအဖို့ သန်းပေါင်းများစွာ ကုန်ကျသဖြင့် သာမန်လူတစ်ဦးအတွက် လက်လှမ်းမမီဖြစ်နေသည့်ဘဝမှ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံ ပံ့ပိုးပေးမှုကြောင့် ယခုအချိန်တွင် ပြည်တွင်း၌ ကုန်ကျစရိတ် နည်းနည်းဖြင့် ကုသမှုကို ခံယူနိုင်ပြီဖြစ်ပါသည်။

ရှေးယခင် အချိန်များက ပစ္စည်းမပြည့်စုံမှု၊ ကျွမ်းကျင်သူ မပြည့်စုံမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရမှု ကြီးကြီးမားမားဖြစ်ခဲ့လျှင် မလိုလားအပ်သော သေဆုံးမှုများ၊ ခြေလက်အင်္ဂါဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပါသည်။ **ယခုအချိန်တွင် နိုင်ငံတော်မှ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ၊ ခွဲစိတ်ခန်းများ တည်ဆောက်ဖြည့်တင်းပေးသည့်အပြင် ဆရာဝန်၊ ဆရာမများအား ပြည်တွင်း၊ ပြည်ပ လေ့ကျင့်သင်ကြားပေးထားသဖြင့် ထိခိုက်ဒဏ်ရာ လူနာများအား အချိန်မီအသက်ကယ်နိုင်ခြင်း၊ ခြေလက်အင်္ဂါများအား ဆက်ပေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ မတော်တဆ ထိခိုက်ဒဏ်ရာရမှုကြောင့် လက်/ခြေ ပြတ်တောက်သွားသောလူနာများကိုလည်း အနုစိတ် ခွဲစိတ်ကုသမှုပြုလုပ်ပြီး အောင်မြင်စွာ ပြန်လည်ဆက်ပေးနိုင်ခဲ့ပါသည်။**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အရိုးအထူးကု ဆရာဝန်ကြီးများမှခေတ်မီလက်ခွဲစိတ်ကု အဏုကြည့်မှန်ပြောင်း အသုံးပြုလျက် ၃၁–၇–၂၀၀၀ ရက်နေ့တွင် လွှဒဏ်ရာဖြင့် လက်ဝဲလက်ကောက်ဝတ်အထက်မှ ပြတ်တောက်သွားသည့် သစ်ခွဲစက်လုပ်သားအား အနုစိတ် ခွဲစိတ်ကုသမှုပြုလုပ်ပြီး အောင်မြင်စွာ ပြန်ဆက်ပေးခြင်း၊ ၄–၁၁–၂၀၀၃ ရက်နေ့တွင် ယာဉ်ထိခိုက်မှုဖြင့်ညာဘက်လက်ဖျံ (Right Forearm)တွင် အရေပြားအနည်းငယ်သာ တွဲလွဲကျနေသည်အထိ ဖြစ်ပွားခဲ့သော လူနာတစ်ဦးအားလည်း အောင်မြင်စွာပြန်လည်ဆက်ပေးခြင်း၊ ၁၁–၁–၂၀၀၄ ရက်နေ့တွင် ဓားခုတ်ခံရမှုကြောင့် ညာလက်ဖျံပြတ်တောက်သွားသော လူနာအား အနုစိတ် ခွဲစိတ်ကုသမှုများ ပြုလုပ်ပြီး အောင်မြင်စွာ ပြန်လည်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၃–၁–၂၀၀၅ရက်နေ့တွင် လက်မရင်းပြတ်တောက်သွားခဲ့သောလူနာအား ညာခြေညှိုးဖြင့် အစားထိုး ခွဲစိတ်ကုသမှု (Micro Surgery Technique)နည်းပညာဖြင့် ရန်ကုန်အရိုးအထူးကုဆေးရုံကြီး၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ အလားတူပင် ၃၁–၁–၂၀၀၅ ရက်နေ့တွင် ညာဘက်လက်ရင်းမှ ပြတ်တောက်သွားသော လက်ချောင်းငယ် တစ်ချောင်းအား ညာခြေညှိုးဖြင့် အစားထိုးခွဲစိတ်ကုသမှုကို အရိုး အထူးကုဆေးရုံကြီး၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာဆေးပညာရှင်များသည် ဂျာမနီ၊ အမေရိကန်၊ စင်ကာပူ၊ ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ ဘယ်လ်ဂျီယံ၊ ဩစတြီးယားနိုင်ငံ ခွဲစိတ်ကုအဖွဲ့များစသော နိုင်ငံတကာ ဆေးပညာရှင်များနှင့်ပူးပေါင်း၍ ၁၉၉၈ခုနှစ်မှ ယနေ့အထိ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာပေါင်း ၃၂၃၅ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ပါသည်။ မြန်မာနိုင်ငံ ဆေးပညာရှင်များချည်း သက်သက်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဆေးပညာရှင်များနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ လည်းကောင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာပေါင်း ၄၆၄၆ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ပါသည်။

ရောဂါတစ်ခုအား ကုသရာတွင် ရောဂါပျောက်ကင်းရုံဖြင့်သာ မလုံလောက်ပါ။ မူလပကတိအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ရပါမည်။ သို့ဖြစ်ပါ၍ ဝေဒနာရှင် လူနာများအား မူလအတိုင်း နိစ္စဓူဝလှုပ်ရှားလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရပါမည်။ လေဖြတ်၍ လမ်းမလျှောက်နိုင်သည့် လူနာအား လေဖြတ်ခြင်း၏ အကြောင်းရင်းအား ကုသပေးပြီး ယခင်ကကဲ့သို့ လမ်းပြန်လျှောက်နိုင်ရန်အတွက် ရူပဗေဒဆေးကုသမှုဖြင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းသည် ကျန်းမာရေးစောင့်ရှောက်မှု တစ်စိတ်တစ်ဒေသပင် ဖြစ်ပါသည်။ ။

ဆုတောင်းပြည့် အောင်မြင်ခြင်းနှင့်ပြည့်စုံသော အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီး

သတင်းမှတ်စု – သတင်းထောက်ထွန်းဇော်(စမ်းချောင်း) စာမျက်နှာဖွဲ့စည်းမှု – ထိန်လင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းမကြီးပေါ်ရှိ အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီး ဘုရားကြီးကို တည်ထားကိုးကွယ်ခဲ့သည်မှာ နှစ်ပေါင်းတစ်ရာကျော်၍ ယခု၂၀၀၈ခုနှစ်တွင် (၁၀၃)နှစ် ပြည့်ခဲ့ပြီဖြစ်သည်။

ရုပ်ပွားတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၆၅ပေနှင့် ၆လက်မဖြစ်ပြီး ပလ္လင်တော်အမြင့်မှာ ၆ပေ ၆လက်မဖြစ်၍ စုစုပေါင်း ၇၂ပေဖြစ်သည်။

ထူးခြားမှု

ထူးခြားမှုမှာ ဘူမိဖဿလက်ညှိုးတော်နှင့် လက်ခလယ်ကြားသင်္ကန်းစကို ညှပ်ထားခြင်းဖြစ်၍ ဆုတောင်းပြည့် အောင်မြင်ခြင်းနှင့်ပြည့်စုံသော ရုပ်ပွားတော်ဖြစ်သည်။

ဘုံကိုးဆင့်သိမ်ကြီး

ရန်ကုန်တိုင်း အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဘုံကိုးဆင့်၊ သိမ်ကိုးသိမ် စာရင်းဝင်သော ဘုံကိုးဆင့်သိမ်ကြီးသည် ဘုရားကြီး၏ လက်ဝဲတော် နောက်ဘက်တွင် တည်ရှိလျက်ရှိရာ ကိုးထပ်ကြီးဘုရား စတင်မတည်မီကပင် တည်ရှိနေကြောင်း ထင်ရှားပေသည်။

ယခင်ရွှေဟောင်းဘုံကိုးဆင့်သိမ်နှင့်အတူ ကိုးထပ်ကြီးဘုရားအား ဖူးတွေ့ရစဉ်။

ကြည်နူးစွာ

ဘုရားကြီးအား ဗားကရာကျောင်းတိုက်ဝင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၈ ကျောင်းဝန်းရံထားပြီး ဗားကရာ ကုန်းတော်ကြီးပေါ်တွင် ဝင့်ထည် သပ္ပာယ်လျက် ကျက်သရေရှိစွာ စံပယ်တော်မူ၍ ဘုရားဖူးလာရောက်ကြသူအပေါင်း စိတ်နှလုံး ကြည်နူးချမ်းသာမှုများဖြင့် ခံစားကြရသည်။

> **ဘုရားကြီးအား ဗားကရာကျောင်းတိုက်ဝင်း အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၈ကျောင်း ဝန်းရံထားပြီး ဗားကရာကုန်းတော်ကြီးပေါ်တွင် ဝင့်ထည် သပ္ပာယ်လျက် ကျက်သရေရှိစွာ စံပယ်တော်မူ၍ ဘုရားဖူးလာရောက်ကြသူ အပေါင်း စိတ်နှလုံး ကြည်နူးချမ်းသာမှုများဖြင့် ခံစား ကြရ။**

ဘုရားကြီး၏ ရှေ့မှခ်ဦးမှ အဝင်လက်ဝဲ၊ လက်ယာတို့တွင် ထူးထူးခြားခြား မြွေရုပ်တုကြီးနှင့် ဖားရုပ်တုကြီးတို့မှာ သက်ဝင်ရှိသကဲ့သို့ဘုရားကြီးအတွက် အလှူခံပေးနေပုံမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

တည်ဆောက်ပြီး

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် ဘက်စုံ လုပ်ငန်းကြီးသုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူခြင်း၊ နေလုံမိုးလုံခေတ်မီသွပ်မိုးသွပ်ကာတို့ကို ဆောင်ရွက်ခဲ့ခြင်း၊ သန္တိသုခ နှစ်ထပ်မဏ္ဍပ်ရုံကြီး တည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်သည်။

ကြီးကိုးကြီးအစ ကိုးထပ်ကြီးက

ခေတ်ကာလအလိုက် ကြီးကိုးကြီးအစ ကိုးထပ်ကြီးကဟု ဆိုရပေမည်။ အဓိဋ္ဌာန်ပြုကြသူများသည် တနင်္လာနေ့တိုင်း နံနက်၉နာရီ တိတိမှစ၍ (၁) ကိုးထပ်ကြီး၊ (၂) ခြောက်ထပ်ကြီး၊ (၃) ငါးထပ်ကြီး၊ (၄) မဟာမင်္ဂလာဆုတောင်းပြည့် ဘုရားကြီး၊ (၅)ကြေးသွန်းဘုရားကြီး၊ (၆) ရွှေခေါင်းလောင်းတော်ကြီး၊ (၇) နောင်တော်ကြီး၊ (၈)ချမ်းသာကြီး၊ (၉) ရဟန္တာသိမ်တော်ကြီးတို့တွင် အစီအစဉ်အတိုင်းလှည့်၍

စိတ်ဝင်စားဖွယ် မြွေကြီးကို ဤသို့ တွေ့ရသည်။

လက်ရှိ ကိုးထပ်ကြီးဘုရားအား ဤသို့ သပ္ပာယ်စွာ ဖူးတွေ့ရသည်။

အဓိဋ္ဌာန်ပြု ကုသိုလ်ယူဆောင်ရွက်ကြရာ အောင်မြင်မှုများရရှိကြသည်။

ဘုရားကြီး၏ ကျောနောက်တွင် သတ္တသတ္တာဟဌာန၊ ရွှေခွက်မျှောခန်း၊ အေးတန်ဆောင်း၊ ငါးဆူတန်ဆောင်း၊ နှစ်ကျိပ်ရှစ်ဆူ၊ ရွှေသာလျောင်းဘုရားများရှိသည်။

ရွှင်ရွှင်ပြုံးပြုံး

ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ်ပြာသိုလတွင် ကျင်းပလျက်ရှိရာ ယခုနှစ်တွင် (၃၅)ကြိမ်တိုင်အောင် ရှိပြီဖြစ်သည်။ ပွဲတော်ကျင်းပရာတွင် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာဖြင့် အစဉ်အတိုင်းပူဇော်ခဲ့ရာ သံဃပူဇာ သံဃာတော်များအား ဘုရားကြီးကို လက်ယာရစ်လှည့်ပတ်၍ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူကြရာ ကြည့်မျှော်၍ မဆုံးနိုင်အောင် ရွှင်ရွှင်ပြုံးပြုံး လောင်းလှူနေကြပုံများမှာ များစွာပီတိဖြစ်နေမိရပါကြောင်း။ ။

(မြန်မာ့အလင်း)

မပြေလည်သောချစ်သူများအကြောင်းရိုက်ကူးထားသည့် အမည်မဖော်လိုသူအချစ်ရုံဝင်

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မဟော်ဂနီ ရုပ်ရှင်ထုတ်လုပ်ရေးမှ မင်းလူ၏ဝတ္ထုကို ဆုသြချယ် ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာမီးပွားရိုက်ကူးတင်ပြသည့် **အမည်မဖော်လိုသူအချစ်** ဇာတ်ကားသစ် ယခုသောကြာပတ်တွင် ရုံဝင်လာသည်။

အမည်မဖော်လိုသူ အချစ်မှ ရန်အောင်နှင့်မေသဥ္ဇာဦး။

အမည်မဖော်လိုသူ

စာပေရူး အောင်ထူးနှင့် မုန့်ဟင်းခါးသည် မမွေးတို့ အိမ်ထောင်ရေးမှာ အူကြောင်ကြောင် အောင်ထူးကြောင့် အဆင်မပြေကြသလို စံပနှင့် ချွဲချွဲတို့ အိမ်ထောင်ရေးမှာလည်း အပျင်းကြီးသော ချွဲချွဲကြောင့် ကွဲမလိုဖြစ်နေကြသည်။ မမွေးနှင့်စံပတို့သည် မခံနိုင်သည့်အဆုံး အောင်ထူးက စံပအိမ် ရောက်လာပြီး ချွဲချွဲက မမွေးအိမ်မှာ မီးမွေးတော့သည်။

လက်ကြောမတင်းသော အောင်ထူးနှင့်စံပ စားစရာမရှိတော့လို့ အချစ်သင်တန်းဖွင့်ရာမှ ဇာတ်လမ်းက စတော့သည်။

အချစ်သင်တန်းသို့ သဘော်သား ဇော်မျိုးနိုင်၊ စိတ်ကောက်တတ်သူကိုမှ ချစ်မိသူနေလင်းအောင်၊ ရည်စားမရှိ၍ လူပျိုကြီးဖြစ်နေသော အ,ထစ် ထွန်းဆင့်၊ လက်သည်းရှည်ထားသော ချစ်သူကြောင့် ချစ်ဒုက္ခ ခံစားနေရသော အညာသား အောင်ချမ်းမြေ့တို့၏ အချစ်ဒုက္ခကို ဆရာကြီးလုပ်ကာ ဖြေရှင်းပေးနေသော မယားမနိုင်သူ အောင်ထူးနှင့်စံပတို့အကြောင်း တဝါးဝါး တဟားဟားပွဲကျအောင်ရိုက်ကူးထားသော ဟာသဇာတ်မြူး **အမည်မဖော်လိုသူအချစ်** ကို သမ္မတ၊ သွင်နှင့်မင်္ဂလာရုံများတွင် ကြည့်ကြရမည် ဖြစ်သည်။

ဓမ္မာသောက အင်းဝရာဇာ

လူမင်းနှင့် နန္ဒာလှိုင်တို့၏ **ဓမ္မာသောက အင်းဝရာဇာ**ကို ရှေ့ဆောင်၊ စံပြ၊ သီတာ၊ ရွှေမန်းရုံတွင် တင်ဆက်လျက်ရှိနေဆဲဖြစ်သည်။ နေပြည်တော်ရုံတွင်မူ နိုင်ငံခြားအက်ရှင်ကားကိုမှ ကြည့်လိုသူများအတွက် Hitman ဇာတ်ကား ပြသလျက်ရှိသည်။

GAME ကစားပွဲမှ ဟက်ကက်၊ စိုင်းစိုင်းခမ်းလှိုင်နှင့်သက်မွန်မြင့်။

အိန္ဒိယရုပ်ရှင်ကားများ

ဆုထူးပန်တွင် မင်းသားကြီး ရှရီးကာပူး၏၊ မင်းသားချော အာဂျေးဒွေဗ်ဂန်နှင့် မင်းသမီးချော ကာဂျိုးလ်တို့ပါဝင်ထားသော Raju chacha ဇာတ်ကားပြသနေပြီး ဘုရင့်ရုံတွင် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကား Chalte Chalte

ဓမ္မာသောက အင်းဝရာဇာမှ လူမင်းနှင့်သရုပ်ဆောင်များ။

ရုံဝင်လာသည်။ နှစ်ကိုယ်တူ ချစ်ခရီးလမ်းတစ်လျှောက် အမည်ရ ယင်းဇာတ်ကားတွင် မင်းသား ရှရွတ်ခန်နှင့် မင်းသမီး ရာနီးမူကာဂျီးတို့ ခေါင်းဆောင်ပါဝင်ထားသည်။

အိန္ဒိယနိုင်ငံ၌ ဝင်ငွေအကောင်းဆုံး Dosti ဇာတ်ကားသစ်မြို့မရုံ၌ ပြသလျက်ရှိသည်။ ဤဇာတ်ကားတွင် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင် ဘော်ဘီဒိုးနှင့် ဘဝကိုရုန်းကန်လှုပ်ရှား ရပ်တည်ခဲ့ရသည့် အက်ရှေးကူးမားတို့ တစ်ဦးအပေါ်တစ်ဦး သူငယ်ချင်း သံယောဇဉ်ကြီးမားမှုကို အသားပေးဇာတ်လမ်းဆင်ရိုက်ကူးတင်ဆက်ထားသည်။

ကစားပွဲ

ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ရိုက်ကူးပြီး စိုင်းစိုင်းခမ်းလှိုင်၊ ဟက်ကက်၊ ဖြိုးငွေစိုး၊ သက်မွန်မြင့်၊ ရတနာပုံတို့ ပါဝင်ထားသော Game ကစားပွဲအဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ဘုရင့်နောင်၊ ဧရာဝတီ၊ မြရတနာရုံများတွင် ဆက်လက်အရှိန်အဟုန်ကောင်းနေဆဲဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်ကြည့်ညို

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ၁၃၆၉ ခုနှစ် တပို့တွဲလ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက အဆိုပါစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်မင်္ဂလာမုခ်ဦး၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဘုရားဖူး လာပြည်သူများ တက်ရောက်ကြည့်ညိုကြသည်။

ရှေးဦးစွာ သန်လျင်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သိန်းဇော်ဦး၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအုန်းမြင့်နှင့် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး (ငြိမ်း)တို့က သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကပ်လှူပူဇော်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းက ဗုဒ္ဓပူဇနီယ ပွဲတော် အခမ်းအနား ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)** တိုင်းမှူး၊ ဇနီးနှင့်ဧည့်ပရိသတ်များက ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီးအား လက်ယာရစ် ဖူးမြော် ကြည်ညိုကြ၍ ဆွမ်း၊ ဆီမီး၊ ပန်းနှင့်ရေချမ်းများ ဖြင့် ကပ်လှူပူဇော်ကြသည်။

ကျင်းပသွားမည်

သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၂ ရက်အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးတိတ်လျောင် -ဒေါ်ရင်ကြည် တို့အား ရည်စူး၍ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ် ၈ (ပထပ်)၁၇လမ်းနေ ဦးခင်တင့်၊ဒေါ်ကျော့လန်၊မြေးမသင်းသင်းလှိုင်၊ မောင်ဇော်ဇော်အောင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း တိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) တွဲဖက်ဘဏ္ဍာတော်ထိန်း ဦးမောင်မောင်ကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နေပြည်တော် ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးအတွက် မျက်စိခွဲစိတ်ပစ္စည်းကိရိယာများလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန နေပြည်တော်ခုတင် (၃၀၀)ဆံ့ ဆေးရုံကြီးအတွက် ဩစတြေးလျနိုင်ငံ Aus AID အဖွဲ့မှ Visson Myanmar Project မျက်စိခွဲစိတ်ပစ္စည်း ကိရိယာများ လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၈ နာရီက နေပြည်တော် ခုတင် (၃၀၀) ဆံ့ ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဩစတြေးလျနိုင်ငံ Aus AID အဖွဲ့မှ Dr. James Muecke က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မျက်စိခွဲစိတ်ကု ပစ္စည်းကိရိယာများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝင်းမြင့်ကလက်ခံ၍ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ဧည့်သည်တော်များသည် ခုတင်(၃၀၀)ဆံ့ ဆေးရုံကြီးခွဲစိတ်ဆောင်သို့သွားရောက်၍ Aus AID အဖွဲ့မှ လှူဒါန်းသော မျက်စိခွဲစိတ် ပစ္စည်းကိရိယာများကိုကြည့်ရှုစစ်ဆေး၍**(အောက်ပုံ)** လူနာများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။Aus AID အဖွဲ့မှ Vission Myanmar Project အတွက် လှူဒါန်းသော မျက်စိခွဲစိတ် ကိရိယာများမှာ Topcon Operation Microscope, Slit Lump Bio microscope, A-Scan & Keratometer (မျက်တွင်းမှန် ပါဝါတိုင်း ကိရိယာများ) Microsurgical Instrument ပစ္စည်းများဖြစ်သည်။

ယနေ့ မျက်စိခွဲစိတ်ကုသမှုကို မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာစန်းစန်းနွဲ့နှင့် မျက်စိခွဲစိတ်ဆရာဝန် ဒေါက်တာရီရီအောင်တို့က ဆောင်ရွက်ပေးလျက်ရှိပြီး မျက်စိအတွင်းတိမ် ဝေဒနာရှင် ၁၄ ဦးအား ခွဲစိတ်ကုသပေးခဲ့သည်။

အဆိုပါ Aus AID အဖွဲ့သည် နေပြည်တော် ခုတင် (၃၀၀)ဆံ့ ဆေးရုံကြီး အပါအဝင် ပြင်ဦးလွင်၊ လားရှိုးနှင့်သဃ်န်းကျွန်း ဆေးရုံကြီးများသို့လည်း မျက်စိခွဲစိတ်ကု ပစ္စည်းကိရိယာများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၇)အခြေခံပညာ မူလတန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မြို့နယ်အဆင့်ဘက်စုံထူးချွန်ဆုပြိုင်ပွဲတွင်ဘက်စုံ ပထမဆု၊ဘာသာစုံ ပထမဆု၊ အင်္ဂလိပ်စာတတိယဆု၊ သင်္ချာဒုတိယဆု လူမှုရေးပထမဆု၊ သိပ္ပံတတိယဆုနှင့် ကျောင်းလုပ်ငန်း ပထမဆုနှင့် စုစုပေါင်း ခုနစ်ဆုရ စတုတ္ထတန်း(A)မှ မဆုရည်ထက်အား လက်ထောက်ပညာရေးမှူး ဦးမြင့်ဦးက ဆုချီးမြှင့်စဉ်။

(က-ပ)

သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ၏ နဝမအကြိမ် အသက်(၆၅) နှစ်အထက် ဆရာကြီး ဆရာမကြီးများ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ တက္ကသိုလ်များ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပြီး အဋ္ဌမအကြိမ် မိတ်ဆုံညစာ စားပွဲကို ညနေ ၆ နာရီမှ ၉ နာရီအထိ M-3 Food Center တွင် ကျင်းပမည်ဖြစ်သည်။

အလှူငွေနှင့် ညစာစားပွဲလက်မှတ်များကို ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ဝေသာလီဆောင် ဖုန်း- ၅၃၆၉၉၆၊ ဦးနန်းအောင် ဖုန်း-၅၇၉၇၃၈၊ ဦးမျိုးမြင့် ဖုန်း-၇၂၁၅၂၂၊ ဦးအောင်ကျော်မင်း ဖုန်း- ၀၉-၅၀ -၂၀၁၆၃၊ ဒေါက်တာခင်စောနွဲ့ ဖုန်း-၅၅၆၂၁၇၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁- ၀၃၃၅၅၊ ဦးကျော်ထွန်း ဖုန်း-၀၉-၅၁-၆၁၂၂၀၊ ဦးကိုကိုနိုင် ဖုန်း-၀၉-၅၀- ၁၉၄၈၈၊ ဒေါက်တာစုစုနိုင် ဖုန်း-၀၉-၅၁-၉၃၀၀၂နှင့် ဦးလင်းမြင့် ဖုန်း- ၀၉-၅၀-၀၃၅၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ကိုးမိုင်ဂေါက်ကွင်း၌ တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဦးဝင်းမြင့် Director Eon Engineeringသည် ကစားဖော်များ ဖြစ်ကြသော ဦးစိုးမင်းလတ်Sml Diagnostic Centre၊ ဦးချို Sml Diagnostic Centre တို့နှင့်အတူ ဖေဖော်ဝါရီ ၁၃ ရက်က မြန်မာဂေါက်သီးရိုက်အသင်း (ကိုးမိုင်ဂေါက်ကွင်း)၌ ဂေါက်သီးရိုက်ကစားစဉ် Nike No(5)ဘောလုံးကို Callaway Iron No(5) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ကိုက်အကွာအဝေးရှိ ကျင်းအမှတ်(၅) သို့ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မော်လမြိုင် ဆရာအတတ်သင်သိပ္ပံ (မော်လမြိုင် ပညာရေးကောလိပ်)မှ အငြိမ်းစား ဆရာကြီး ဆရာမကြီး ၇၅ ဦးတို့အား စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၀ ရက်က အဆိုပါ ပညာရေးကောလိပ်၌ကျင်းပရာ ဆရာကြီး ဆရာမကြီးတို့အား တစ်ဦးလျှင် ငွေကျပ်သုံးသောင်းစီဖြင့် ပူဇော်ကန်တော့ကြပြီး ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ဦးတင်ဦးက ဩဝါဒစကားပြောကြားသည်။

ပေးအပ်

ဆက်လက်၍ ကျောင်းသားဟောင်း မွန်ပြည်နယ်ပညာရေးမှူး ဦးထွန်းရီက ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် မွန်ပြည်နယ် ပညာရေးအခြေအနေများကို ရှင်းပြသည်။

အလားတူ မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ (မော်လမြိုင်ပညာရေး ကောလိပ်)မှ အငြိမ်းစားယူသွားခဲ့သည့် ဆရာကြီး ဆရာမကြီးတို့အား သံဖြူဇရပ်မြို့ အထက(၁) ပညာဗိမာန်ခန်းမ၌ ဇန်နဝါရီ ၂၁ရက် နံနက်ပိုင်းတွင် ကျောင်းသားဟောင်း မြို့နယ်ပညာရေးမှူး(ငြိမ်း)ဦးခင်မောင်ဦး ဦးဆောင်သော ကျောင်းသားဟောင်း ဆရာ ဆရာမများက ပူဇော်ကန်တော့ကြပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။**(ဓါပုံ)** **(သတင်းစဉ်)**

ဦးသာရင် ၏ သွက်ချာပါဒဆေးခန်းဆေးကျော် (ဆေးမှုန့်)

KMD Computer Centre
Desktop Publishing Course
Graphic Design Course

ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

ကျေးဇူးဆပ်ပါမည်
ကျွန်တော်၏ မိုက္ကရိုဘတ် ၂ခ/၁၄၃၂ မော်တော်ယာဉ်ပိုင်ရှင်စာအုပ်နှင့် ကင်းလွတ်ခွင့်(အစိမ်း)တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန် ကျေးဇူးဆပ်ပါမည်။
ဦးကျော်ဝင်း
အမှတ် ၂၂၂၊ ဗိုလ်မင်းရောင်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။

မောင်ကောင်းထိုက်
ဟာသပဒေသာ အမှတ် (၂၀)

Education Centre

မောင်လှမျိုး

ပါတီ နှင့် နိုင်ငံရေး

AAEC အောင်အကယ်ဒမီ

ဗိုလ်ချုပ်အောင်ဆန်း ဘဝ

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

ဖေဖော်ဝါရီ ၉ရက်က အမက(၄) တောင်ဥက္ကလာပ၏ မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ တတိယတန်းပထမဆုရ မနန္ဒာဖြိုးအား ကျောင်းအုပ်ဆရာကြီးဦးမျိုးခင်က ဆုချီးမြှင့်စဉ်။

(က–ပ)

အမျိုးသား၊ အမျိုးသမီး တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက်နှင့် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၉ရက်အထိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တွင် ကျင်းပမည်ဖြစ်သည်။

အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင် ၂၀၀၇ခုနှစ် မြန်မာ့လက်ရွေးစင်လေးဦး၊ ၂၀၀၈ခုနှစ် မြန်မာအိုးပင်းမှ လက်ရည်စစ်အောင်မြင်သူ ၁၂ဦးတို့သာ ဝင်ရောက်ခွင့် ရရှိမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့်အားကစားသမားများသည် ဖေဖော်ဝါရီ ၂၇ရက် မွန်းလွဲ ၂နာရီတွင်ကျင်းပမည့် အားကစားသမားများ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြရမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အမျိုးသမီး တံခွန်စိုက်ပြိုင်ပွဲတွင် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်းသို့ ဖေဖော်ဝါရီ ၂၇ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နှစ်ဖက်သောမိဘများအား အမှူးထား၍ အမှတ် ၃၅/၇၄၅ သန္တာ (၂)လမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါက်တာသုဝေ–ဒေါက်တာခင်အေးသန့်တို့၏ မင်္ဂလာဦးအလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မဘက်စုံ ငွေပဒေသာပင်နှင့် ဆွမ်းတစ်ရက်စာ အလှူငွေကျပ် ၁၁၅၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘဉာဏ် လက်ခံယူစဉ်။

(သတင်းစဉ်)

ကမာရွတ်မြို့နယ် အမက(၁၀) ပညာရည်ချွန်ဆုပေးပွဲတွင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မော်မော်မြင့်က ၂၀၀၆–၂၀၀၇ ကျောင်းတက်မှန်ဆု၊ မီတာ၁၀၀ အလွတ်ပြေးပွဲတွင် ပထမဆုရရှိသော ဆရာမဒေါ်သန်းသန်းဌေးအား ဆုချီးမြှင့်စဉ်။

(က–ပ)

ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် ၁၀၈ တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်မြတ်ကြီး၏ (၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁၇ရက်မှစ၍ ၂၁ရက်အထိ အသံမစဲ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်၍ ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲ ၂နာရီတွင် သံဃာတော် ၂၅၅ ပါးတို့အား ဆွမ်းဆန်တော်များ လောင်းလှူသွားမည်ဖြစ်သည်။

(၀၉၈)

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီတွင် ပဲခူးတိုင်း မုန်းမြို့နယ် ဘုံးဘောကျေးရွာနေ အဘ ဦးသောင်းရွှေ၏သား ဦးမြင့်ဆွေ အသက်(၃၉)နှစ်သည် သားငါးရှာရန် နေအိမ်မှထွက်ခွာလာစဉ် ကျွဲခေါင်းအင်းအနီးတစ်ဝိုက်သို့အရောက် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲပြီး ဦးမြင့်ဆွေ၏ ညာဘက်ခြေသလုံးနှင့် ဘယ်လက်ခြေဖနောင့်အရိုးများ ကျိုးကြေဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့သည့်ဦးမြင့်ဆွေအား တာဝန်ရှိသူများက မုန်းပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
မန္တလေးအဝေးသင်တက္ကသိုလ်
အဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ မန္တလေးအဝေးသင်တက္ကသိုလ်၏ ၂၀၀၄ ပညာသင်နှစ် ၂၀၀၄ခု အောက်တိုဘာ၊ နိုဝင်ဘာလများနှင့် ၂၀၀၄-၂၀၀၅ပညာသင်နှစ် ၂၀၀၅ခု ဧပြီ၊ မေလများတွင် ကျင်းပခဲ့ပြီးသော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့ စာမေးပွဲများကို အောင်မြင်ပြီး ဘွဲ့တက်ရောက်ယူရန် လျှောက်ထားပြီးသော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)အနက်မှ မိမိကြိုက်နှစ်သက်ရာ ဝတ်စုံအပြည့်အစုံ ဝတ်ဆင်၍ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း တက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ကြမည့် ကျောင်းသူ၊ ကျောင်းသားများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်မှုများကိုသာ ဝတ်ဆင်ကြရန်နှင့် မြန်မာ့အသွင်ပျောက်နေသည့် သရုပ်ပျက် ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်လာသူများကို အစမ်းလေ့ကျင့်ပွဲအပါအဝင် ဘွဲ့နှင်းသဘင် အခမ်းအနားများသို့ လုံးဝတက်ရောက်ခွင့် ပြုမည်မဟုတ်ပါ။

၃။ အဋ္ဌမအကြိမ်မြောက် ဘွဲ့နှင်းသဘင်

(၂၆-၂-၂၀၀၈)ရက် (ပထမနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၁။ ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၁မှ ၄၂၆)	ရတနာပုံ	(၂၅-၂-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ မြန်မာမှုအထူးပြုအားလုံး	ရတနာပုံ	
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြုအားလုံး	တောင်ကြီး	
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြုအားလုံး	မြစ်ကြီးနား	
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၂မှ ၁၄၁)	မုံရွာ	

(၂၆-၂-၂၀၀၈)ရက် (ပထမနေ့) မွန်းလွဲ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၂။ ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၄၂၇မှ ၅၈၈)	ရတနာပုံ	(၂၅-၂-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး	တောင်ကြီး	
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြု (၂မှ ၁၃၈)	မုံရွာ	
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြုအားလုံး	မကွေး	
ဝိဇ္ဇာဘွဲ့၊ အင်္ဂလိပ်စာအထူးပြုအားလုံး	မြစ်ကြီးနား၊ မိတ္ထီလာ၊ ပခုက္ကူ	

(၂၇-၂-၂၀၀၈)ရက် (ဒုတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၃။ ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး	မြစ်ကြီးနား၊ ရွှေဘို၊ ကျိုင်းတုံ	(၂၅-၂-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြုအားလုံး	မြစ်ကြီးနား၊ လားရှိုး၊	
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြု(၁၄၁မှ ၃၁၃)	မုံရွာ	
ဥပဒေဘွဲ့၊ ဥပဒေအထူးပြုအားလုံး (၂၀၀၄)	မကွေး၊ မုံရွာ၊ ပခုက္ကူ	

(၂၇-၂-၂၀၀၈)ရက် (ဒုတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၄။ ဝိဇ္ဇာဘွဲ့၊ အင်္ဂလိပ်စာအထူးပြု (၁မှ ၂၈၆)	ရတနာပုံ	(၂၅-၂-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြုအားလုံး	မိတ္ထီလာ၊ ကျိုင်းတုံ	
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု(၂မှ ၃၅၉)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး	မကွေး	
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၄မှ ၅၉)	မုံရွာ	

(၂၈-၂-၂၀၀၈)ရက် (တတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၅။ ဝိဇ္ဇာဘွဲ့၊ အင်္ဂလိပ်စာအထူးပြု (၂၈၉မှ ၆၅၈)	ရတနာပုံ	(၂၅-၂-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြု (၁မှ ၁၃၀)	ရတနာပုံ	
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြုအားလုံး	ကလေး၊ ပခုက္ကူ	
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၃၆၂မှ ၅၁၃)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး	ကလေး	
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၆၁မှ ၁၅၃)	မုံရွာ	

(၂၈-၂-၂၀၀၈)ရက် (တတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၆။ သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြု (၁၃၁မှ ၂၆၉)	ရတနာပုံ	(၂၅-၂-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြုအားလုံး	ရွှေဘို	
ဥပဒေဘွဲ့၊ ဥပဒေအထူးပြုအားလုံး (၂၀၀၄)	တောင်ကြီး၊ မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၅၁၄မှ ၉၂၀)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး	လားရှိုး	
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၁၅၅မှ ၂၆၃)	မုံရွာ	

(၂၉-၂-၂၀၀၈)ရက် (စတုတ္ထနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၇။ သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြု (၂၇၀မှ ၄၉၆)	ရတနာပုံ	(၂၅-၂-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၂၀၀၄)(၁မှ ၂၁၃)	ရတနာပုံ	
ဥပဒေဘွဲ့၊ ဥပဒေအထူးပြုအားလုံး (၂၀၀၄)	မြစ်ကြီးနား	
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၉၂၃မှ ၁၂၄၄)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြု (၂၆၅မှ ၄၁၆)	မုံရွာ	

(၂၉-၂-၂၀၀၈)ရက် (စတုတ္ထနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၈။ သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြု (၄၉၇မှ ၆၉၈)	ရတနာပုံ	(၂၅-၂-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဥပဒေဘွဲ့၊ ဥပဒေအထူးပြုအားလုံး(၂၀၀၄)(၂၁၅မှ ၄၂၄)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ မြန်မာစာအထူးပြုအားလုံး	လှိုင်ကော်၊ ပခုက္ကူ၊ ရေနံချောင်း	
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၁မှ ၇၈)	မုံရွာ	

(၃-၃-၂၀၀၈)ရက် (ပထမနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၉။ သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြု (၁မှ ၂၆၁)	ရတနာပုံ	(၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြုအားလုံး	ကျိုင်းတုံ	
သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြု (၁မှ ၂၃၉)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး	မြစ်ကြီးနား	
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၈၀မှ ၂၁၇)	မုံရွာ	

(၃-၃-၂၀၀၈)ရက် (ပထမနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၁၀။ သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြု (၂၆၃မှ ၅၃၆)	ရတနာပုံ	(၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြုအားလုံး	မကွေး	
သိပ္ပံဘွဲ့၊ ရုက္ခဗေဒအထူးပြု (၂မှ ၁၇၁)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ အရှေ့တိုင်းပညာအထူးပြုအားလုံး	တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၁မှ ၁၂၅)	တောင်ကြီး	
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး	မကွေး	

(၄-၃-၂၀၀၈)ရက် (ဒုတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၁၁။ သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြု (၅၃၇မှ ၉၃၆)	ရတနာပုံ	(၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြုအားလုံး	လားရှိုး	
သိပ္ပံဘွဲ့၊ ရုက္ခဗေဒအထူးပြုအားလုံး	မကွေး၊ ကလေး	
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၁၂၇မှ ၃၃၃)	တောင်ကြီး	
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး	ကလေး	

(၄-၃-၂၀၀၈)ရက် (ဒုတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၁၂။ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၂မှ ၃၄၀)	ရတနာပုံ	(၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး	လားရှိုး၊ ပခုက္ကူ	
သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြုအားလုံး	ရွှေဘို	
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြုအားလုံး	မြစ်ကြီးနား၊ ကလေး	

(၅-၃-၂၀၀၈)ရက် (တတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၁၃။ သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြု (၂၄၀မှ ၄၄၉)	ရတနာပုံ	(၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြု (၁မှ ၂၈၁)	တောင်ကြီး	
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြု (၃၄၁မှ ၅၇၃)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး	လှိုင်ကော်	

(၅-၃-၂၀၀၈)ရက် (တတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၁၄။ သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြုအားလုံး	မိတ္ထီလာ၊ ကလေး	(၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြုအားလုံး	မိတ္ထီလာ၊ ပခုက္ကူ	
ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်အထူးပြုအားလုံး	ရွှေဘို၊ ကျိုင်းတုံ၊ ရေနံချောင်း	

(၆-၃-၂၀၀၈)ရက် (စတုတ္ထနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၁၅။ သိပ္ပံဘွဲ့၊ ရုက္ခဗေဒအထူးပြု (၁၇၂ မှ ၃၄၂)	ရတနာပုံ	(၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ ရုက္ခဗေဒအထူးပြုအားလုံး	မြစ်ကြီးနား၊ ရွှေဘို၊ ကျိုင်းတုံ၊ ပခုက္ကူ	
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြုအားလုံး	ရွှေဘို	
ဝိဇ္ဇာဘွဲ့၊ အင်္ဂလိပ်စာအထူးပြုအားလုံး	တောင်ကြီး၊ မကွေး	

(၆-၃-၂၀၀၈)ရက် (စတုတ္ထနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၁၆။ သိပ္ပံဘွဲ့၊ ရုက္ခဗေဒအထူးပြု (၃၄၃မှ ၅၆၂)	ရတနာပုံ	(၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြုအားလုံး	မြစ်ကြီးနား	
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြု(၁မှ ၂၂၇)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ အင်္ဂလိပ်စာအထူးပြုအားလုံး	မုံရွာ	

(၉-၃-၂၀၀၈)ရက် (ပထမနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၁၇။ သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၁ မှ ၁၀၂)	ရတနာပုံ	(၈-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြုအားလုံး	ကျိုင်းတုံ	
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု(၁၄၂မှ ၄၁၄)	မုံရွာ	
သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြုအားလုံး	မုံရွာ	

(၉-၃-၂၀၀၈)ရက် (ပထမနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၁၈။ သိပ္ပံဘွဲ့၊ ရုက္ခဗေဒအထူးပြုအားလုံး	မိတ္ထီလာ၊ မုံရွာ	(၈-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ ဒဿနိကဗေဒအထူးပြုအားလုံး	တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ	
သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြုအားလုံး	ကျိုင်းတုံ၊ ပခုက္ကူ၊ လားရှိုး	
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြုအားလုံး	မကွေး	

(၁၀-၃-၂၀၀၈)ရက် (ဒုတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၁၉။ သိပ္ပံဘွဲ့၊ သင်္ချာအထူးပြု (၁၀၃မှ ၇၆၆)	ရတနာပုံ	(၈-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ ရုက္ခဗေဒအထူးပြု (၅၆၃မှ ၇၂၅)	ရတနာပုံ	
သိပ္ပံဘွဲ့၊ ရုက္ခဗေဒအထူးပြုအားလုံး	တောင်ကြီး၊ လားရှိုး	

(၁၀-၃-၂၀၀၈)ရက် (ဒုတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၂၀။ သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြု (၄၅၀ မှ ၇၁၁)	ရတနာပုံ	(၈-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြုအားလုံး	မကွေး	
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြုအားလုံး	မိတ္ထီလာ၊ လားရှိုး၊ ပခုက္ကူ	
သိပ္ပံဘွဲ့၊ ရူပဗေဒအထူးပြု (၂၂၈ မှ ၃၆၇)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁ မှ ၂၃၆)	မကွေး	

(၁၁-၃-၂၀၀၈)ရက် (တတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၂၁။ သိပ္ပံဘွဲ့၊ ဓာတုဗေဒအထူးပြုအားလုံး	တောင်ကြီး	(၈-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
သိပ္ပံဘွဲ့၊ သတ္တဗေဒအထူးပြုအားလုံး	တောင်ကြီး	
သိပ္ပံဘွဲ့၊ သင်္ချာအထူးပြုအားလုံး	ရွှေဘို၊ ကလေး	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၅၁ မှ ၄၅၂)	မကွေး	

(၁၁-၃-၂၀၀၈)ရက် (တတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၂၂။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁ မှ ၃၀၆)	ရတနာပုံ	(၈-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၄၅၃ မှ ၅၄၉)	မကွေး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁ မှ ၂၃၇)	တောင်ကြီး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၉မှ ၂၅၂)	မြစ်ကြီးနား	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁ မှ ၅၆)	မုံရွာ	

(၁၂-၃-၂၀၀၈)ရက် (စတုတ္ထနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၂၃။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၃၀၇မှ ၆၀၀)	ရတနာပုံ	(၈-၃-၂၀၀၈) ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၁မှ ၃၃)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁မှ ၂၅၁)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၃၈မှ ၄၄၆)	တောင်ကြီး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၅၇မှ ၁၅၆)	မုံရွာ	

(၁၂-၃-၂၀၀၈)ရက် (စတုတ္ထနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၂၄။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၆၀၂မှ ၈၇၉)	ရတနာပုံ	(၈-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၃၄မှ ၆၉)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁မှ ၁၈၆)	တောင်ကြီး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၅၃မှ ၅၇၁)	မြစ်ကြီးနား	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၅၇မှ ၂၁၅)	မုံရွာ	

(၁၇-၃-၂၀၀၈)ရက် (ပထမနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၂၅။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၈၈၀မှ ၁၁၈၅)	ရတနာပုံ	(၁၆-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၇၁မှ ၁၀၄)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၈၉မှ ၃၂၄)	တောင်ကြီး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂မှ ၂၈၂)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၁၈မှ ၃၄၁)	မုံရွာ	

(၁၇-၃-၂၀၀၈)ရက် (ပထမနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၂၆။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၁၈၆မှ ၁၄၇၁)	ရတနာပုံ	(၁၆-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၁၀၅မှ ၁၄၆)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၃၂၆မှ ၄၅၄)	တောင်ကြီး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၈၃မှ ၇၂၀)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၃၄၂မှ ၃၈၇)	မုံရွာ	

(၁၈-၃-၂၀၀၈)ရက် (ဒုတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၂၇။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၄၇၂မှ ၁၇၂၁)	ရတနာပုံ	(၁၆-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၁၄၇မှ ၁၈၉)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၅၃မှ ၅၄၂)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၇၂၁မှ ၁၀၅၁)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၃၈၉မှ ၄၄၇)	မုံရွာ	

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

(၁၈-၃-၂၀၀၈)ရက် (ဒုတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၁၈။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၇၂၂မှ ၂၀၂၆)	ရတနာပုံ	(၁၆-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၁၉၀မှ ၂၄၀)	ရတနာပုံ	
ဥပဒေဘွဲ့၊ ဥပဒေအထူးပြုအားလုံး (၀၄-၀၅)	တောင်ကြီး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၀၅၃မှ ၁၄၆၅)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၄၄၉မှ ၅၀၀)	မုံရွာ	

(၁၉-၃-၂၀၀၈)ရက် (တတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၁၉။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၀၂၇မှ ၂၄၁၁)	ရတနာပုံ	(၁၆-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြုအားလုံး	မြစ်ကြီးနား	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၄၆၈မှ ၁၈၄၆)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၅၀၁မှ ၆၄၄)	မုံရွာ	

(၁၉-၃-၂၀၀၈)ရက် (တတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၂၀။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၄၁၂မှ ၂၆၉၂)	ရတနာပုံ	(၁၆-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဥပဒေဘွဲ့၊ ဥပဒေအထူးပြုအားလုံး (၀၄-၀၅)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁မှ ၂၈၁)	ရွှေဘို	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၆၄၅မှ ၈၂၉)	မုံရွာ	

(၂၀-၃-၂၀၀၈)ရက် (စတုတ္ထနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၂၁။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၆၉၄မှ ၃၀၀၃)	ရတနာပုံ	(၁၆-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၅၅၄မှ ၉၁၂)	မကွေး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၈၂မှ ၆၀၉)	ရွှေဘို	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၈၃၆မှ ၁၀၀၁)	မုံရွာ	

(၂၀-၃-၂၀၀၈)ရက် (စတုတ္ထနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၃၂။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၃၀၀၄မှ ၃၃၉၇)	ရတနာပုံ	(၁၆-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၂၄၄မှ ၂၈၃)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၉၁၃မှ ၁၂၃၂)	မကွေး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၆၁၀မှ ၉၈၀)	ရွှေဘို	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၀၀၂မှ ၁၀၅၀)	မုံရွာ	

(၂၃-၃-၂၀၀၈)ရက် (ပထမနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၃၃။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၃၃၉၈မှ ၃၇၄၅)	ရတနာပုံ	(၂၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅)(၁မှ ၇၁)	ရတနာပုံ	
ဥပဒေဘွဲ့၊ ဥပဒေအထူးပြုအားလုံး (၀၄-၀၅)	မကွေး၊ ပခုက္ကူ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု အားလုံး	လားရှိုး	

(၂၃-၃-၂၀၀၈)ရက် (ပထမနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၃၄။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၃၇၄၇မှ ၄၁၀၄)	ရတနာပုံ	(၂၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၆မှ ၂၀၀)	မကွေး	
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၇မှ ၂၀၄)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂မှ ၁၉၅)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြုအားလုံး	ကျိုင်းတုံ	

(၂၄-၃-၂၀၀၈)ရက် (ဒုတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၃၅။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၄၁၀၅မှ ၄၄၅၆)	ရတနာပုံ	(၂၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၄မှ ၃၂၉)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၂၀၃မှ ၃၆၀)	မကွေး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၉၆မှ ၄၀၀)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု(၁၀၅၁မှ ၁၁၂၂)	မုံရွာ	

(၂၄-၃-၂၀၀၈)ရက် (ဒုတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၃၆။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၄၄၆၂ မှ ၄၇၈၉)	ရတနာပုံ	(၂၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂ မှ ၂၆၅)	မြစ်ကြီးနား	
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၂၈၄ မှ ၃၅၈)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၄၀၂ မှ ၆၃၉)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၁၂၄ မှ ၁၂၂၆)	မုံရွာ	

(၂၅-၃-၂၀၀၈)ရက် (တတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၃၇။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၄၇၉၃ မှ ၅၁၂၆)	ရတနာပုံ	(၂၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅) (၇၂ မှ ၁၃၈)	ရတနာပုံ	
ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅) (၁ မှ ၁၉၆)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၆၄၀ မှ ၈၅၉)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၂၂၇ မှ ၁၃၀၈)	မုံရွာ	

(၂၅-၃-၂၀၀၈)ရက် (တတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၃၈။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၅၁၂၈ မှ ၅၆၆၉)	ရတနာပုံ	(၂၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၃၅၉ မှ ၃၉၅)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၂ မှ ၃၃၂)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၈၆၁ မှ ၁၀၂၅)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၃၁၃ မှ ၁၄၄၀)	မုံရွာ	

(၂၆-၃-၂၀၀၈)ရက် (စတုတ္ထနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၃၉။ ဥပဒေဘွဲ့၊ ဥပဒေအားလုံး(၀၄-၀၅)	မြစ်ကြီးနား	(၂၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅) (၁၃၉ မှ ၂၀၉)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၀၂၉ မှ ၁၃၁၉)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁ မှ ၁၂၂)	လှိုင်ကော်	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁ မှ ၁၆၆)	ရေနံချောင်း	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၄၄၂ မှ ၁၅၀၁)	မုံရွာ	

(၂၆-၃-၂၀၀၈)ရက် (စတုတ္ထနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၄၀။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၅၆၇၀ မှ ၆၀၂၆)	ရတနာပုံ	(၂၂-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၃၉၆ မှ ၄၃၄)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြုအားလုံး	တောင်ကြီး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၃၂၀ မှ ၁၄၆၄)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၂၃ မှ ၂၅၈)	လှိုင်ကော်	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၃ မှ ၂၅၈)	ကလေး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၆၇ မှ ၃၂၂)	ရေနံချောင်း	

(၂၉-၃-၂၀၀၈)ရက် (ပထမနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၄၁။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၆၀၂၉ မှ ၆၄၄၉)	ရတနာပုံ	(၂၈-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၄၃၅ မှ ၄၆၉)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၄၆၅ မှ ၁၈၁၂)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၆၇ မှ ၈၉၆)	ကလေး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၃၂၆ မှ ၅၄၉)	ရေနံချောင်း	

(၂၉-၃-၂၀၀၈)ရက် (ပထမနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၄၂။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၆၄၅၁ မှ ၆၉၁၀)	ရတနာပုံ	(၂၈-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၄၇၀ မှ ၅၀၀)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၈၁၃ မှ ၂၂၁၀)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၃၄ မှ ၉၁၉)	မကွေး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၅၅၁ မှ ၇၅၆)	ရေနံချောင်း	

(၃၀-၃-၂၀၀၈)ရက် (ဒုတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၄၃။ ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၂၁၆ မှ ၂၅၅၃)	ရတနာပုံ	(၂၈-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၅၀၁ မှ ၅၄၁)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၆၉၁၃ မှ ၇၂၀၂)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၃၃၀ မှ ၆၁၃)	မုံရွာ	

(၃၀-၃-၂၀၀၈)ရက် (ဒုတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၄၄။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၇၂၀၃ မှ ၇၄၆၉)	ရတနာပုံ	(၂၈-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၆၁၄ မှ ၇၆၀)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၅၄၂ မှ ၅၇၆)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၅၅၄ မှ ၂၈၄၀)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၉၂၀ မှ ၁၂၀၃)	မကွေး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၇၅၇ မှ ၈၆၈)	ရေနံချောင်း	

(၃၁-၃-၂၀၀၈)ရက် (တတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၄၅။ ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅) (၂၁၀ မှ ၃၉၀)	ရတနာပုံ	(၂၈-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၅၇၇ မှ ၆၀၉)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၇၆၁ မှ ၁၁၅၉)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၂၇ မှ ၆၃၀)	ပခုက္ကူ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၈၆၉ မှ ၁၁၂၈)	ရေနံချောင်း	

(၃၁-၃-၂၀၀၈)ရက် (တတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၄၆။ ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၆၁၁ မှ ၆၅၀)	ရတနာပုံ	(၂၈-၃-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၆၆ မှ ၈၇၆)	မြစ်ကြီးနား	
ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅) (၁၉၈ မှ ၃၉၃)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၆၃၂ မှ ၁၁၄၈)	ပခုက္ကူ	

(၃-၄-၂၀၀၈)ရက် (ပထမနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၄၇။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၇၄၇၁ မှ ၇၈၃၃)	ရတနာပုံ	(၂-၄-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၁၆၆ မှ ၁၃၀၂)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၆၅၁ မှ ၇၁၉)	ရတနာပုံ	
ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅) (၃၉၄ မှ ၅၈၉)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၁၅၂ မှ ၁၈၁၅)	ပခုက္ကူ	

(၃-၄-၂၀၀၈)ရက် (ပထမနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၄၈။ ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅) (၃၉၂ မှ ၅၅၄)	ရတနာပုံ	(၂-၄-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅) (၅၉၀ မှ ၈၄၄)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၇၂၁ မှ ၉၀၅)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၃၀၃ မှ ၁၇၀၈)	မုံရွာ	

(၄-၄-၂၀၀၈)ရက် (ဒုတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၄၉။ ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅) (၅၅၇ မှ ၆၈၇)	ရတနာပုံ	(၂-၄-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၉၀၇ မှ ၉၈၀)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၇၀၉ မှ ၂၂၁၇)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၂၁၃ မှ ၁၆၈၄)	မကွေး	
ဝိဇ္ဇာဘွဲ့၊ သမိုင်းအထူးပြု (၁၁၃၃ မှ ၁၃၄၉)	ရေနံချောင်း	

(၄-၄-၂၀၀၈)ရက် (ဒုတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၅၀။ ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅) (၆၈၈ မှ ၉၀၀)	ရတနာပုံ	(၂-၄-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၄၅၈ မှ ၅၁၇)	တောင်ကြီး	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၂၃၇ မှ ၁၆၆၂)	မကွေး	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၂၁၈ မှ ၂၉၀၅)	မုံရွာ	

(၅-၄-၂၀၀၈)ရက် (တတိယနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၅၁။ ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅) (၉၀၁ မှ ၁၀၂၅)	ရတနာပုံ	(၂-၄-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၉၈၄ မှ ၁၀၈၆)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၂၉၀၇ မှ ၃၅၀၆)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ အိမ်တွင်းစီးပွားအထူးပြု	တောင်ကြီး၊ မကွေး၊ မုံရွာ	
ဝိဇ္ဇာဘွဲ့၊ စိတ်ပညာအထူးပြုအားလုံး	တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ	

(၅-၄-၂၀၀၈)ရက် (တတိယနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၅၂။ ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅) (၁၀၂၇ မှ ၁၂၂၂)	ရတနာပုံ	(၂-၄-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၁၀၈၇ မှ ၁၃၃၄)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၅၁၉ မှ ၇၂၅)	တောင်ကြီး	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၅၄၅ မှ ၇၁၅)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၃၅၀၇ မှ ၃၅၆၁)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ ပြည်သူ့ရေးရာအထူးပြုအားလုံး	မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ အိမ်တွင်းစီးပွားအထူးပြု	မြစ်ကြီးနား၊ ရတနာပုံ	

(၆-၄-၂၀၀၈)ရက် (စတုတ္ထနေ့) နံနက် ၉း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၅၃။ ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅) (၁၂၂၃ မှ ၁၄၂၈)	ရတနာပုံ	(၂-၄-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၁၃၃၈ မှ ၁၄၃၁)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၇၁၆ မှ ၁၃၄၈)	မိတ္ထီလာ	
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁ မှ ၃၀၅)	ပခုက္ကူ	

(၆-၄-၂၀၀၈)ရက် (စတုတ္ထနေ့) မွန်းလွဲ ၂း၀၀နာရီ — **အစမ်းလေ့ကျင့်ရက်**

၅၄။ ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၁၃၄၉မှ ၁၅၁၇)	မိတ္ထီလာ	(၂-၄-၂၀၀၈)ရက် နံနက် ၁၀နာရီ
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးအထူးပြု (၃၀၆မှ ၆၇၇)	ပခုက္ကူ	
ဥပဒေဘွဲ့၊ ဥပဒေအထူးပြု (၀၄-၀၅)(၁၄၃၁မှ ၁၆၀၅)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၂၀၆မှ ၄၈၃)	မုံရွာ	
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြု (၁၄၃၂မှ ၁၅၆၄)	ရတနာပုံ	
ဝိဇ္ဇာဘွဲ့၊ စီးပွားစီမံအထူးပြုအားလုံး	ပခုက္ကူ	

၄။ ဘွဲ့တက်ရောက်ယူမည့်လက်မှတ်၊ ဧည့်လက်မှတ်များကို မိမိတို့နှင့် သက်ဆိုင်သည့်ဘွဲ့တက်ရောက်ယူမည့် နေ့ရက်မတိုင်မီ ကြိုတင်ထုတ်ပေးပါမည်။

ဘွဲ့ဝတ်စုံငှားရမ်းမည့်အစီအစဉ်

၅။ ဘွဲ့ဝတ်စုံငှားရမ်းခြင်းကို မိမိနှင့်သက်ဆိုင်သည့် အစမ်းလေ့ကျင့်မည့် နေ့ရက်နှင့် ဘွဲ့တက်ရောက်ယူမည့်နေ့ရက် မတိုင်မီ ကြိုတင်၍ မန္တလေး အဝေးသင်တက္ကသိုလ် ထုတ်လုပ်ရေးဌာန၌ ဖွင့်လှစ်ထားသော ဘွဲ့ဝတ်စုံငှားရမ်းဌာနတွင် ငွေသွင်းပြေစာပြ၍ ဘွဲ့နှင်းဌာန ထောက်ခံစာဖြင့် ငှားရမ်းနိုင်ပါသည်။

ရက်စွဲ။ ၂၀၀၈ခု၊ ဖေဖော်ဝါရီလ(၇)ရက်

တင်လှိုင်
မော်ကွန်းထိန်း
စာမေးပွဲနှင့် ဘွဲ့နှင်းဌာန
မန္တလေးအဝေးသင်တက္ကသိုလ်။

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

သန်လျင်မြို့ ဆံတော်ရှင်ကျိုက်ခေါက်စေတီ ဗုဒ္ဓပူဇနိယပွဲတော်တွင် စေတီတော်၏အနောက်ဘက်ရှိ ဈေးဆိုင်တန်းများကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကိုးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိ

သတင်းမြင်ကွင်း–မြင့်မောင်စိုး(မြန်မာ့အလင်း) ✦ ဓာတ်ပုံ–အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်ကြီး၏ဗုဒ္ဓပူဇနိယပွဲတော်သည် မြန်မာနိုင်ငံအောက်ပိုင်း၌ အစည်ကားဆုံး ဘုရားပွဲတော်ကြီးဖြစ်သည်။

ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၄ရက်မှ စတင်ကာ ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၂၂ရက်အထိ ကိုးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

စီစဉ်ဆောင်ရွက်

ဘုရားပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုနှင့်စပ်လျဉ်း၍ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်ပြီး သက်ဆိုင်ရာ ဂေါပကအဖွဲ့ဝင်များအား မေးမြန်းခဲ့ပါသည်။

စာမျက်နှာ ၉ ကော်လံ ၄ ✻

ပြည်တွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရန်ကြံစည်လျက်ရှိသော ဖောက်ခွဲဖျက်ဆီးရေးသမားများအား သက်ဆိုင်ရာနှင့်အတူ ပြည်သူများက ပူးပေါင်းဖော်ထုတ်သွားကြရန် တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားများသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များကို ကြံစည်လုပ်ဆောင်လျက်ရှိသည်။

ထိခိုက်ဒဏ်ရာရ

ဇန်နဝါရီ ၁၁ရက် နံနက် ၄နာရီခွဲတွင် ထန်းတပင်မြို့နယ် လေးသစ်ကျေးရွာနေ နော်ဂေးလာသည် နေပြည်တော်ပျဉ်းမနားဘူတာအနီး ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ အများသုံးအိမ်သာအတွင်း၌ ဗုံးဖောက်ခွဲရန် ပြင်ဆင်နေစဉ် ရုတ်တရက်ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ပြီး ကေအင်န်ယူအကြမ်းဖက်သောင်းကျန်းသူ တပ်မဟာ(၃) ရင်း(၈)မှ ဆက်ကြေးတာဝန်ခံ တပ်ကြပ်အဆင့်ရှိ စောဒီသောမူးသည် ယင်းနေ့ည ၇နာရီခွဲခန့်တွင် ပဲခူးတိုင်း ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ ဘောလုံးကွင်းအတွင်း လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဦးမောင်မောင်ဆပ်ကပ်ပြပွဲအနီး၌ ဗုံးဖောက်ခွဲရန်ပြင်ဆင်နေစဉ် ဗုံးပေါက်ကွဲပြီး စောဒီသောမူး သေဆုံး၍ အပြစ်မဲ့ပြည်သူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အလားတူ ဇန်နဝါရီ ၁၃ရက် မွန်းလွဲ ၂နာရီ ၅မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းဘေး ဘူတာကြီးဝင်း အထူးတန်းလက်မှတ်ရုံအနီးရှိ အများပြည်သူသုံး ရေချိုးခန်း/အိမ်သာနှင့် ဘူတာကြီးအုတ်တံတိုင်းခြံစည်းရိုးအကြား၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီး အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များအား အများပြည်သူတို့သိရှိနိုင်ရန် သတင်းများ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

ထပ်မံလုပ်ဆောင်ရန်စီမံ

ပြည်တွင်း/ပြည်ပ အဖျက်သမားများသည် နိုင်ငံအတွင်း အရေးကြီးနေရာများ၊ လူစည်ကားသောနေရာများတွင် ဖောက်ခွဲဖျက်ဆီးမှုများ ထပ်မံလုပ်ဆောင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဖောက်ခွဲဖျက်ဆီးရေးသမားများကိုလည်း ပြည်တွင်းသို့ စေလွှတ်လျက်ရှိကြောင်း သတင်းများ ထပ်မံရရှိထားသည်။

သို့ဖြစ်၍ အဆိုပါ အကြမ်းဖက်ဖောက်ခွဲရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကို သက်ဆိုင်ရာက ဖော်ထုတ်ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပူးပေါင်းဆောင်ရွက်

အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ မပြုလုပ်နိုင်ရေးအတွက် အများပြည်သူတို့အနေဖြင့်လည်း မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက်အဖျက်သမားများကို အထူးသတိပြု စောင့်ကြပ်ကြည့်ရှု ဖော်ထုတ်ပြီး မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံသို့ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC

လေလှိုင်းပေါ်က လူသတ်သမားများ

ပြည်သူအားလုံး သတိထား